# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၂)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၄–၆–၂၀၂၄၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် နှစ်နိုင်ငံ သီးခြားတွေ့ဆုံ


နေပြည်တော် ဇွန် ၂၃

(၁၉)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် တီဟီရန်မြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အေစီဒီ လက်ရှိဥက္ကဋ္ဌနှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီနှင့် ယနေ့ ဒေသစံတော်ချိန် ၁၀ နာရီတွင် တီဟီရန်မြို့၌ နှစ်နိုင်ငံ သီးခြားတွေ့ဆုံသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် မြန်မာ–အီရန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အေစီဒီလက်ရှိဥက္ကဋ္ဌ နှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီ တို့ တွေ့ဆုံဆွေးနွေးစဉ်။

(၁၉)ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မတိုင်မီ အေစီဒီအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့တွင် တီဟီရန်မြို့၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။ သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပါသည်။

**မိုးတိမ်တောင်များဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


ခရီးရှည်စက်ဘီးစီးသော အမျိုးသားများ မျိုးပွားကျန်းမာရေး ထိခိုက်လာစေနိုင် စာမျက်နှာ ၇

နိုင်ငံတကာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုများ ပြောင်းလဲလာခြင်း(ဆောင်းပါး) စာမျက်နှာ ၁၀

သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက် စာမျက်နှာ ၁၃

၂၀၂၄ ခုနှစ်၊ ဇွန် ၂၄ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ကြိုးစားအားထုတ်မှုရလဒ်ကောင်း

ကြိုးစားမှုဆိုသည်မှာ တစ်စုံတစ်ခုသောရလဒ်အတွက် အားထုတ်ခြင်းကိုဆိုလိုသည်။ ဖြတ်သန်းရမည့် မိမိတို့၏ ရည်ရွယ်ချက် ရည်မှန်းချက်လိုအင်ဆန္ဒများအတွက် ဥာဏ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထက်ထက်သန်သန်ဆောင်ရွက်ခြင်းသည် ကြိုးစားမှုဖြစ်သည်။ တစ်နည်းအားဖြင့် ကြိုးစားမှုသည် ကိုယ့်အားကိုယ်ကိုးခြင်းဖြစ်သည်။ ကြိုးစားမှုတွင် ယုံကြည်ချက်လည်း အရင်းခံသည်။ အခက်အခဲမှန်သမျှကို နည်းအမျိုးမျိုးဖြင့် ကျော်ဖြတ်မည်ဟူသော စွမ်းရည်သည် ကြိုးစားမှုစိတ်ဓာတ်ဖြစ်သည်။

မိခင်ရင်ခွင်မှ မိမိကိုယ်မိမိအားကိုး၍ လျှောက်လှမ်းနိုင်သည့်အရွယ်သို့ရောက်ကတည်းက မိမိ၏ဘဝရပ်တည်မှုအတွက် နိဒါန်းစကာကြိုးစားခဲ့ကြသည်။ သို့မှသာ လူပီသမည်ဖြစ်သည်။ လူမှန်လျှင်ပညာရှာရမည်၊ စားဝတ်နေရေးအတွက် အလုပ်လုပ်ရမည်၊ ထိုအခါကြိုးစားအားထုတ်မှုပါဝင်လာသည်၊ ကြိုးစားတိုင်းသည် အချည်းနှီးမဖြစ်ပါ။ လုပ်သားတစ်ဦးသည် ကျောက်တုံးကြီးကိုထုခွဲသည်။ တစ်ချက်၊ နှစ်ချက်ထုရုံနှင့် ကျောက်တုံးက မကွဲ၊ အချက်ပေါင်းများစွာ ထုတော့လည်းမကွဲ။ နောက်ဆုံးအချက်တွင် ကျောက်တုံးကွဲသွားသည်။ ထိုသို့ကျောက်တုံးကွဲခြင်းသည် နောက်ဆုံးအချက်ကြောင့်မဟုတ် ရှေ့ကကြိုးစားထုခဲ့သော အချက်ပေါင်းများစွာကြောင့် ကျောက်တုံးကြီး ကွဲရခြင်းဖြစ်သည်။ မိမိတို့၏ ကြိုးစားအားထုတ်မှုသည် တစ်ချိန်ချိန်တွင် အကျိုးသက်ရောက်မှုကို ခံစားရမည်ဖြစ်သည်။

ထို့ပြင် ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးရှိရာတွင် ကံလည်းကောင်းသည်။ ဉာဏ်လည်းကောင်းသည်။ ဝီရိယဟူသော ကြိုးစားအားထုတ်မှုမရှိလျှင် မည်သည့်နည်းနှင့်မျှ အောင်မြင်မှုကို မရရှိနိုင်ပါ။ အချို့သောသူများသည် ကံကိုယုံကြည်ကြသည်။ ကံကောင်းလျှင်အောင်မြင်မည်ဟု ထင်မှတ်ကြသည်။ အမှန်မှာ ကံဆိုသည်မှာ ကြိုးစားအလုပ်လုပ်ခြင်းဖြစ်သည်။ အလုပ်လုပ်ခြင်းသည်သာလျှင် ကံကောင်းခြင်း၏ရေသောက်မြစ်ဖြစ်သည်။ သီးလုံးဆရာတော်က "လောကလူ့ရွာ၊ ဘုံဓမ္မတာတွင် ကံသာလျှင်အမိဟု ဆိုရိုးရှိလည်း ဝီရိယလျှင် ဉာဏ်နှင့်ယှဉ်မှ စီစဉ်သမျှကိစ္စဝယ် လုံးဝအောင်မြင် ဖြစ်လိမ့်ပင်"ဟု ဆိုထားသည်။ ထို့ကြောင့် ကံကိုမယုံဘဲ ဝီရိယဖြင့် ကြိုးစားရန် လိုအပ်မည်ဖြစ်သည်။

ပျင်းရိခြင်းသည်လည်း အောင်မြင်မှုမရအောင် အတားအဆီးပြုသည့် ရန်သူဖြစ်သည်။ ပျင်းရိသူတို့သည် ကြိုးစားအားထုတ်ရန်နေရွှေ့ညရွှေ့လုပ်တတ်သောကြောင့် အောင်မြင်မှုပန်းတိုင်ဆီသို့ မရောက်နိုင်ဘဲ လမ်းတွင် ကြန့်ကြာနေတတ်သည်။ မည်သို့ပင် အရည်အချင်းရှိသူ တော်သူဖြစ်သော်လည်း ပျင်းရိနေက အကျိုးမထူးနိုင်ပါ။ ထို့ပြင် ပျင်းရိ၍ တာဝန်ချိန်ပျက်ကွက်သောသူသည်လည်း တိုးတက်လာမည့် အခွင့်အရေးများ မှေးမှိန်လာမည်ဖြစ်သည်။ အစွမ်းအစရှိသော်လည်း ကြိုးစားအားထုတ်မှုနည်းသောသူတို့သည် အစွမ်းအစနည်းသော်လည်း ကြိုးစားအားထုတ်မှုရှိသူတို့၏ အောက်သို့ကျရောက်တတ်စမြဲဖြစ်သည်ကို လူတိုင်းသတိပြုသင့်သည်။

သို့ဖြစ်ရာ ကြိုးစားအားထုတ်မှု ရလဒ်ကောင်းသည် အောင်မြင်မှု၏ အဖူးအပွင့်ဖြစ်သည်။ အရည်အချင်းရှိသော လူတစ်ဦးဖြစ်စေရန် ထာဝရကြိုးစားနေရမည်ဖြစ်သည်။ ထို့ကြောင့် နာရီတိုင်း၊ စက္ကန့်တိုင်း ဥာဏ်၊ လုံ့လ၊ ဝီရိယဖြင့် တက်ကြွနိုးကြားနေရမည်ဖြစ်ရာ မိမိတို့၏ အနာဂတ်သည် မိမိတို့၏ ကြိုးစားအားထုတ်မှုအပေါ်တွင် မူတည်နေပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဇွန် ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၁၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဇွန် ၂၁ ရက် နံနက် ၅ နာရီခွဲက ၆၉လမ်းနှင့် ၃၅လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး၂၀၀ ကျော်တို့အား ဆွမ်း၊ ဟင်းနှင့် အရံဟင်းလျာများနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀၀၊ သင်္ကန်းတစ်စုံနှင့် ဖိနပ်တစ်ရန်တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၄၁)

သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynews paper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## လူအင်အား၊ စက်ယန္တရားအင်အားအသုံးပြု၍ ရေနုတ်မြောင်းများဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အနိုပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁လမ်း ချမ်းမြေ့အောင်လမ်း တောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း ၆၀နှင့် ၆၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ၁၀လမ်းနှင့် ၁၂လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဒေးဝန်းအနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်း၉၀ သင်္ဂဇာကျောင်းတိုက်အတွင်း မြောင်းများအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၃လမ်းနှင့် ၃၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆ လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၃၀နှင့် ၃၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ငွေတချောင်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆ လမ်းနှင့် ၃၁လမ်းတံတားထိပ် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၆လမ်းအရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၂၉ လမ်းနှင့် လမ်း၃၀ကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၆ Bလမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက်ဆယ်ယူထားသည့် မြောင်းစာအမှိုက်များကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များအလိုက် ရပ်ကွက်များတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်အရ သက်ဆိုင်ရာမြို့နယ်သန့်ရှင်းရေးဌာနသို့ တင်ပြလာပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

သတင်း စာမျက်နှာ ၂၄



သတင်း စာမျက်နှာ ၂၄





## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံတန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က မိမိတို့ဌာနအနေဖြင့် မြို့နယ်၊ ကျေးရွာများအရောက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမှုအပေါ် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက အသီးသီးချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းအား ဇွန်လ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ သင်တန်းသူ ၂၀ ဦးဖြင့် ဖွင့်လှစ်ကာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းတွင် သရက်ပြား၊ သရက်တော်ဖီ၊ သဘော်သီးယို၊ သရက်အနှစ်ဖျော်ရည်၊ မန်ကျည်းအနှစ်ဖျော်ရည်၊ မန်ကျည်းဆော့စ်နှင့် ဂျယ်လီတို့ကို စနစ်တကျထုပ်ပိုးသည်အထိ သင်ကြားပေးခဲ့ကာ သင်တန်းဆင်းလက်မှတ်များကိုလည်း ပေးအပ်ခဲ့သည်။ အခမ်းအနားအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကြကြောင်း သိရသည်။

(ဝ၉၅)



## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု နောက်ဆုံးပွဲစဉ်များ ကျင်းပ



**မန္တလေး ဇွန် ၂၃**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲပထမအဆင့်အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်းနှင့် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတို့တွင် ယနေ့ညနေပိုင်းက ကျင်းပရာ ဗထူးကွင်း (ခ)အုပ်စုပွဲစဉ်တွင် မြင်းခြံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ယှဉ်ပြိုင်ကြရာ အမရပူရခရိုင်အသင်းက ၆ ဂိုး၊ ၂ ဂိုးဖြင့် အနိုင်ရရှိပြီး အောင်မြေမန္တလာကွင်း(ဂ)အုပ်စုပွဲစဉ်တွင် ပြင်ဦးလွင်ခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲအပြီးတစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပြီး ပြင်ဦးလွင်ခရိုင်အသင်းက သွင်းဂိုးအသာဖြင့် အုပ်စုဒုတိယရရှိသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများနှင့် ခရိုင်အား/ကာလက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ခရိုင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြဆရာများ၊ ဘောလုံးဒိုင်လူကြီးများ၊ ဖိတ်ကြားထားသူများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြကြောင်းနှင့် အဆိုပါအမျိုးသမီးဘောလုံးပြိုင်ပွဲ(က)အုပ်စုတွင် အောင်မြေသာစံခရိုင်အသင်းက အုပ်စုပထမနှင့် ညောင်ဦးခရိုင်အသင်းက အုပ်စုဒုတိယ၊ အုပ်စု(ခ)တွင် မြင်းခြံခရိုင်၊ ကျောက်ဆည်ခရိုင်အသင်းက အုပ်စုပထမနှင့်အမရပူရခရိုင်အသင်း အုပ်စုဒုတိယ၊ (ဂ)အုပ်စုတွင် ရမည်းသင်းခရိုင်အသင်းက အုပ်စုပထမနှင့် ပြင်ဦးလွင်ခရိုင်အသင်းက အုပ်စုဒုတိယ၊ (ဃ)အုပ်စုတွင် မဟာအောင်မြေခရိုင်အသင်းက အုပ်စုပထမနှင့် သပိတ်ကျင်းခရိုင်အသင်းက အုပ်စုဒုတိယအသီးသီးရရှိကြပြီး ဒုတိယအဆင့်ရှုံးထွက်ပွဲများအဖြစ် ဇွန် ၂၅ ရက်နေ့နှင့် ဇွန် ၂၆ ရက်တို့တွင် ဗထူးကွင်းနှင့် အောင်မြေမန္တလာကွင်းတို့တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)

**စိမ်းလန်းစိုပြည်လုပ်ပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်ကြစို့။**

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပညာရေးဒီဂရီကောလိပ်(မန္တလေး)၌ ၂၀၂၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မန္တလေး ဇွန် ၂၃**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ပညာရေးဒီဂရီကောလိပ်(မန္တလေး)ကျောင်းဝန်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကက အရိပ်ရအပင်အား စတင်စိုက်ပျိုးပေးပြီးနောက် အရိပ်ရအပင်များကို တပျော်တပါး စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယနေ့ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေ၊ စိန်ပန်း၊ တမာ၊ တပြေဘူတ၊ မယ်ဇယ်၊ ပျဉ်းမ၊ ကျွန်း၊ တရုတ်တယ်၊ ပိတောက်စသည့် သစ်မျိုး ၉ မျိုး စုစုပေါင်း ၂၅၉ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







## ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပွင့်ဖြူ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံကိုင်းကျေးရွာ၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၂သန်းကို လွှဲပြောင်းပေးသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ဦးကို ငွေကျပ် ၂၀ ဒသမ ၄သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၇ဦးကို ငွေကျပ် ၂၆ ဒသမ ၇၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇ဦးကို ငွေကျပ် ၁ ဒသမ ၈၅သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၉ဦးကို ငွေကျပ် ၂ ဒသမ ၂၅သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၇ဦးကို ငွေကျပ် ၅ ဒသမ ၉၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၆ဦးကို ငွေကျပ် ၅၇ ဒသမ ၂သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၄၅)

o-o-o-o-o

# သီးနှံမျိုးစေ့ချကိရိယာဖြင့် မြေပဲ(၂)ကေအား မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ

**ညောင်ဦး ဇွန် ၂၃**

စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးသောသီးနှံများ၏ အထွက်နှုန်းတိုးတက်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးသည့် နည်းစနစ်များ လိုက်နာကျင့်သုံးနိုင်ရေး၊ ဝင်ငွေတိုးပွားစေရေးအတွက် သီးထပ်၊ သီးညှပ်များ တိုးချဲ့စိုက်ပျိုးရေးနည်းပညာများကို ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် အမှတ်(၉၉)စက်မှုလယ်ယာစခန်းမှ ဦးဆောင်ကျင်းပသော ညောင်ဦးမြို့နယ် အပူပိုင်းဒေသ သုတေသနခြံမြေဧရိယာ (၂)ကေအတွင်း သီးနှံမျိုးစေ့ချကိရိယာဖြင့် မြေပဲမျိုးစေ့စိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါအခမ်းအနားသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ အမှတ်(၉၉)စက်မှုလယ်ယာစခန်းမှ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းသိန်း၊ မြို့နယ်စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးညဏ်လင်းလက်နှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြပြီး အမှတ်(၉၉)စက်မှုလယ်ယာစခန်းမှ ဆောင်ရွက်လျက်ရှိနေသော သီးနှံမျိုးစေ့ချကိရိယာဖြင့် မြေပဲမျိုးစေ့ချစိုက်ပျိုးခြင်းအား ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုအပ်သည်များအား တက်ရောက်ကြည့်ရှုကြသည့် တောင်သူများ၏ အကြံပြုချက်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲမျိုးစေ့များကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသည် လယ်ယာလုပ်သားရှားပါးမှုကို လွယ်ကူစွာ ဖြေရှင်းနိုင်ခြင်း၊ ငွေကုန်ကြေးကျနည်းပါးခြင်း၊ လုပ်သားဖြင့် စိုက်ပျိုးရာတွင် တစ်ရက်တစ်ဧကနှုန်းသာ ပြီးစီးပြီး၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက တစ်ရက် (၈)ဧကပြီးစီးပြီး မျိုးစေ့ကုန်ကျမှုအားဖြင့် တစ်ဧကလျှင် (၁၂)ပြည်မှ (၁၆)ပြည်သာ ကုန်ကျကြောင်း၊ မျိုးစေ့ချကိရိယာတွင် နောက်ခြေခုံပါရှိခြင်းကြောင့် မျိုးစေ့ချရာတွင် ဘောင်တန်းလိုက်ဖြစ်ပေါ်ပြီး ရေစိမ့်ဝင်အားကောင်းမွန်ခြင်း၊ မြေပြန်ဖုံးပေးခြင်းကြောင့် ကျေးငှက်တိရစ္ဆာန်များအန္တရာယ်မှ ကာကွယ်ပြီးသားဖြစ်ကာ မျိုးစေ့ချကိရိယာကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ရာသီချိန်မီစိုက်ပျိုးပြီးစီးနိုင်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးက ပြောကြား၍ သိရသည်။



(၄၈၁)

# မြင်းခြံမြို့နယ် မြင်းခြံ - မကျီးသမျှားသွား ကားလမ်းပေါ်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၃

၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက် နံနက် ၀၀ : ၁၅ နာရီခန့်တွင် မြင်းခြံမြို့နယ်၏ အရှေ့တောင်ဘက် ၂ မိုင်ခန့်အကွာ မြင်းခြံမြို့နယ် မကျီးသမျှားကျေးရွာ၏ မြောက်ဘက် မြင်းခြံ-မကျီးသမျှားသွား ကားလမ်းတွင် မော်တော်ယာဉ် တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ အခင်းဖြစ်ရာသို့ ဇွန် ၂၃ ရက် နံနက် ၀၀ : ၅၀ နာရီခန့်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များ ပါဝင်သော လုံခြုံရေး ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မြင်းခြံမြို့နယ် စခမကျေးရွာ မြတ်ပုညပရဟိတအသင်း တံဆိပ်ပါ NOAH ခဲရောင်(နံပါတ်မပါ) မော်တော်ယာဉ်ပေါ်၌ မြင်းခြံမြို့နယ် စခမကျေးရွာ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ ဥတ္တမ၊ သက်တော်(၅၀)၊ ဝါတော်(၁၂)ဝါတွင် ဝဲနံဘေး ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲချိုစောင်း ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ယာနောက်ကျော ကျည်ဖောက်ဝင် ဒဏ်ရာနှစ်ချက် တို့ဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ရှိရပြီး ဦးအောင်မျိုးသောင်း၊ ၄၀ နှစ်(ဘ)ဦးအောင်သောင်း စခမ ကျေးရွာနေသူတွင် ဝဲဒူးခေါင်း အထက် ကျည်ဖောက်ဝင် ဒဏ်ရာ တစ်ချက်၊ ဝဲနားနောက် ပေါက်ပြဲ ဒဏ်ရာတစ်ချက် ရရှိနေသည်ကို တွေ့ရှိရပြီး မောင်းနှင်လာသည့် မော်တော်ယာဉ်၏ အမိုးပေါ်တွင် လုံခြုံရေး မီးတန်းပုံစံပါရှိသဖြင့် လုံခြုံရေးယာဉ်အဖြစ် မှားယွင်း ပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ဖြစ်စဉ်ကို စိစစ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၂၂ ရက် ည ၁၀ နာရီခန့်တွင် စခမကျေးရွာနေ မဝင့်ဝါအေး၊ အသက်(၂၈)နှစ်(ဘ) ဦးအေးသောင်းသည် ဗိုက်အောင့် ဝေဒနာ ခံစားနေရသည့်အတွက် စခမကျေးရွာ မြတ်ပုညပရဟိတ အသင်းယာဉ်ဖြင့် ဘဒ္ဒန္တ ဥတ္တမက မောင်းနှင်ပြီး အဖော်အဖြစ် ဦးအောင်မျိုးသောင်းကို ခေါ်ဆောင်၍ ထွက်လာခဲ့ကြောင်း၊ ထို့နောက် မဝင့်ဝါအေး အား မြင်းခြံမြို့ အမှတ်(၇)ရပ်ကွက်ရှိ ဖခင်ဖြစ်သူ ဦးအေးသောင်း နေအိမ်သို့ ပို့ဆောင်၍ စခမကျေးရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မြင်းခြံ-မကျီးသမျှားသွား ကားလမ်း ဖြစ်စဉ်နေရာအနီး အရောက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း၏ ပြောဆိုချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်နှင့် ဒဏ်ရာရရှိသူတို့ကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁ နာရီ မိနစ် ၃၀ ခန့်တွင် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း။



PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပျံလွန်တော်မူခဲ့သည့် မြင်းခြံမြို့ စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ ဥတ္တမ။





"မြတ်ပုည" ပရဟိတ အသင်းမော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




မြင်းခြံမြို့နယ် စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥတ္တမနှင့် ဦးအောင်မျိုးသောင်း တို့အား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ပြပုံ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS အဖွဲ့ Zero to Hero ဖြစ်လာခဲ့ပြီး (၁၁)နှစ်ပြည့် အထိမ်းအမှတ် ကျင်းပပေးခဲ့ကြ

ကမ္ဘာကျော်ကေပေါ့ပ်အဖွဲ့ဖြစ်လာသည့် ဘီတီအက်စ်မှာ သုညဘဝမှ အောင်မြင်လာခဲ့၍ Zero to Hero ဟု ခေါ်ခဲ့ကြရာ ပွဲဦးထွက် (၁၁)နှစ်ပြည့် အထိမ်းအမှတ်ကို ကျင်းပပေးခဲ့ကြသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ် ဇွန် ၁၃ ရက်တွင် ကေပေါ့ပ်လောကသို့ နာမည်မရှိသော အဖွဲ့အဖြစ် ဝင်ရောက်ခဲ့ပြီး ရက်ပ်ပါ အာရ်အမ်၊ ဆူဂါ၊ ဂျေဟုတ်တို့၏ ဟစ်ဟော့ပ်အဖွဲ့ဖြစ်ခဲ့ရာမှ ဂျင်၊ ဂျီမင်၊ ဗွီနှင့် ဂျောင်ဂုတို့ ဝင်ရောက်ခဲ့ကြပြီး ဘန်ပီဒီကြောင့် ကေပေါ့ပ်အဖွဲ့ ဖြစ်လာခဲ့သည်။




အခန်းကျဉ်းထဲတွင် ခုနစ်ဦးအတူနေ၍ ဂျင်မိခင်ထံမှ အိုးခွက်များ ငှားရမ်းခဲ့ကာ ဒေဝါလီခံရလုနီးဖြစ်၍ သူတို့ပါ စိုက်ထုတ်ခဲ့ပြီး အပြင်းအထန်ကြိုးစား၍ တောင့်ခံခဲ့ရာမှ အဖွဲ့ဖျက်သိမ်းခဲ့ရကာ သူများဆုရသည်ကို ငေးကြည့်ခဲ့ရသည်။

လက်ရှိကမ္ဘာတစ်ဝန်း ဂီတအယ်လ်ဘမ်ထုတ်တိုင်း ထိပ်ဆုံးအဆင့်တစ်ရရှိထားပြီး Physical Award ပေါင်းကိုးရာကျော်၊ တစ်ကိုယ်တော်ဂီတ မပါဝင်သေးဘဲ စံချိန်ချိုးထားမှုများစွာနှင့် အဖွဲ့ဝင်ခုနစ်ဦး Zero to Hero ဖြစ်လာခဲ့သည့် (၁၁)နှစ်ပြည့် အထိမ်းအမှတ်ပွဲများကို ပရိသတ်က ကျင်းပပေးထားကြသည်။ (SKY)

## ခရီးရှည်စက်ဘီးစီးသောအမျိုးသားများ မျိုးပွားကျန်းမာရေး ထိခိုက်လာစေနိုင်



စက်ဘီးစီးအားကစားသည် အမျိုးသား၊ အမျိုးသမီးလူငယ်များအကြားတွင်သာမက လူကြီးများအကြားတွင်လည်း ရေပန်းစားသော အားကစားနည်းတစ်မျိုး ဖြစ်သည်။

စက်ဘီးစီးလျှင် ဆီးထိန်းကြွက်သားများဖိမိရာမှ အမျိုးသားများ၏ မျိုးပွားကျန်းမာရေးထိခိုက်နိုင်သည်ဟု ဆေးသိပ္ပံပညာရှင်အချို့ ထောက်ပြသတိပေးခဲ့ဖူးသည်။

ထိုသတိပေးချက်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ် လော့စ်အိန်ဂျယ်လိစ်သူနာပြုကျောင်းမှ လက်ထောက်ပါမောက္ခလေးဖစ်ဇ်ဂျရားလ် ဦးဆောင်သော သုတေသီများမကြာသေးမီက လက်တွေ့စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ခရီးရှည်စက်ဘီးစီးသော အမျိုးသားများအနေဖြင့် ပော်မုန်းဟန်ချက်မညီဖြစ်ကာ မျိုးပွားကျန်းမာရေးထိခိုက်လာစေနိုင်ကြောင်း ဖော်ထုတ်သိရှိခဲ့သည်။ (SCI)

## IKON မှ Junhoe ဂျပန်စကားကို တတ်အောင်သင်ခဲ့



အိုင်ကွန်အဖွဲ့ဝင် ဂျွန်ဟိုသည် ပွဲဦးထွက်ပြီး ဂျပန်ရောက်ချိန်က ဂျပန်စကားမပြောတတ်ခဲ့၍ ကြိုးစားပြီး သင်ကြားခဲ့သူဖြစ်သည်ဟု သူ ဂျပန်အစီအစဉ်ရေးဆွဲသူ မန်နေဂျာက ချီးကျူးထားကြောင်း အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျွန်ဟိုသည် ပွဲဦးထွက်ပြီး ဂျပန်ရောက်ချိန် ဂျပန်စကားမပြောတတ်၍ သူ့ကိုယ်သူ မုန်းတီးမိပြီး ဂျပန်ရောက်ချိန်တိုင်း ဂျပန်လိုပြောနိုင်အောင်ကြိုးစားကာ ကိုရီးယားတွင် ဂျပန်ရှိုးပွဲအစီအစဉ်များကြည့်ကာ လေ့ကျင့်ခဲ့ပြီး ကောင်းစွာပြောတတ်လာခဲ့သည်။

အခြားအဖွဲ့ဝင်များ ဖျော်ဖြေရန် စီစဉ်နေချိန် သူက ဂျပန်ဝန်ထမ်းများနှင့် ဂျပန်စကားပြော ဘယ်လိုနေသည်ကို မေးမြန်းတတ်ပြီး သူ့ကြောင့် ပရိသတ်ပျော်ရွှင်လျှင် နောက်တစ်ခါ ထပ်ပျော်ရွှင်အောင် ဖျော်ဖြေတတ်သည်။

ဂီတာတီးသည်ကို သဘောကျပြီး မရမန မဆုတ်မနစ် လေ့ကျင့်ခဲ့၍ ဂီတာကောင်းစွာတီးနိုင်လာကာ၊ သူလုပ်ချင်သည့်အရာကို စိတ်မကျေမနပ်မချင်း ကြိုးစားလေ့ကျင့်ခဲ့ပြီး အပြင်ပန်းကြည့်လျှင် ဘာမှဂရုမစိုက်သလိုပုံစံရှိကာ ထုတ်မပြသည့် လေးနက်သည့်စိတ်ထားရှိသူဟု ဂျပန်အစီအစဉ်မန်နေဂျာက ချီးကျူးထားသည်။ (SKY)

## Acharya ရုပ်ရှင်သည် ဘိုင်ရာဘာတို့ သားအဖ၏ ဇာတ်ကြမ်းကားဖြစ်




အိန္ဒိယတောင်ပိုင်းရုပ်ရှင် Acharya တွင် ဘိုင်ရာဘာတို့ သားအဖ ပါဝင်ထားပြီး ဇာတ်ကြမ်းကားအဖြစ် ပရိသတ်အားပေးမှုရရှိထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် လွန်ခဲ့သောနှစ်ပေါင်းရှစ်ရာဝန်းကျင်က မြစ်တစ်ဖက်ကမ်းတွင် တည်ရှိကြသော မြို့နှစ်မြို့ကို ဆစ်ဟာဗာနမ်စတာအုပ်ကြီးဝန်းရံထားပြီး ဘာသာတရားကိုင်းရှိုင်း၍ ဓမ္မကို လက်ကိုင်ထားခဲ့ကြသည်။

အေးချမ်းစွာ တည်ရှိနေသည့် မြို့လေးသို့ စီးပွားရေးသမားတစ်ဦးရောက်လာချိန်မှစ၍ ယုတ်မာသောနည်းလမ်းများနှင့်ကြိုးစားရာမှ မြို့နှစ်မြို့မှာ ပဋိပက္ခများဖြစ်ပွားလာခဲ့ရာ လက်သမားအယောင်ဆောင်၍ ရောက်ရှိလာသောသူမှာ ဒုစရိုက်ကျူးလွန်သူများကို တိတ်တဆိတ်ဖယ်ရှားသုတ်သင်နေသူ ဖြစ်သည်။

ဓမ္မကိုလက်ကိုင်ထားသည့် မြို့လေးနှစ်မြို့ အဓမ္မလုပ်သူကြောင့် ရန်ဖက်ဖြစ်ခဲ့ရာမှ ဓမ္မနှင့် အဓမ္မရင်ဆိုင်ယှဉ်ပြိုင်အနိုင်ရခဲ့ပုံကို တင်ပြထားပြီး ဘိုင်ရာဘာတို့ သားအဖနှစ်ဦး ပါဝင်သည့် ဇာတ်ကြမ်းကား ဖြစ်ခဲ့သည်။ (SKY)

## Jung Kook ၏ Never Let Go ထွက်ရှိပြီး နိုင်ငံပေါင်း တစ်ရာတွင် ထိပ်ဆုံးရောက်

ဂျောင်ဂု၏ တစ်ကိုယ်တော်ဂီတ တေးရေး၊ တေးဆို၊ ထုတ်လုပ်ထားသည့် ဂီတသီချင်း Never Let Go မှာ ၁၉ နာရီအတွင်း နိုင်ငံပေါင်းတစ်ရာတွင် ထိပ်ဆုံးနံပါတ်တစ်စာရင်းရောက်ရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ အဆိုပါဂီတကို ကြိုက်နှစ်သက်ကြသည့် ကမ္ဘာအနှံ့ နိုင်ငံများတွင် ချီလီ၊ ဆော်ဒီအာရေးဗီးယား၊ ရုရှား၊ အီဂျစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မက်ဆီကို၊ အီကွေဒေါ၊ ဂွာတီမာလာ၊ ဂျပန်၊ ကွာတာ၊ အိန္ဒိယ၊ ပီရူး၊ ဗီယက်နမ်၊ ကိုလန်ဘီယာ၊ ထိုင်း၊ နီကာရာဂွာ၊ အူကာဘီကစ္စတန်၊ သီရိလင်္ကာ၊ မလေးရှား စသည်တို့ အပါအဝင် နိုင်ငံပေါင်းတစ်ရာ၌ ထိပ်ဆုံးနေရာ ရရှိထားသည်။

ယင်းဂီတသီချင်းမှာ iTunes US Chart တွင်လည်း ထိပ်ဆုံးငါးနေရာ ဝင်ရောက်ခဲ့ပြီး ၂၄ နာရီအတွင်း Amazon All Kill နှင့် ယူကျူချန်နယ်တွင်လည်း နံပါတ်နှစ်နေရာ ရရှိခဲ့သည့် ဂျောင်ဂု၏သီချင်းကို ပရိသတ်ကြိုက်နှစ်သက်မှုများခဲ့သည်။ (SKY)



## G Dragon ကို မေ့မှိန်သွားမှုမရှိတဲ့ ဘုရင်ကြီး၏ အပြန်လမ်းဟု South China Morning Post တွင် တင်ထား

ဂျီဒရယ်ဂွန်အကြောင်း ဆောင်းပါးတစ်ပုဒ်ကို "မေ့မှိန်သွားမှုမရှိတဲ့ ဘုရင်ကြီး၏ အပြန်လမ်း" အမည်နှင့် နီမွန်ကင်က South China Morning Post တွင် ရေးသားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ ဂျူနီယာများ လွှမ်းမိုးနေသော အချိန်တွင် ဂျီဒရယ်ဂွန်သီချင်းသစ်ထုတ်မည် မထင်ဟုဆိုကြသူများရှိသော်လည်း ဂျီဒရယ်ဂွန်သည် ပရိသတ်တောင်းဆိုတိုင်း သီချင်းထုတ်သူမဟုတ်၊ ရာသီပေါ်များ ခေတ်စားသည်ကိုလည်း စိတ်မဝင်စား၊ သူရေးချင်သည်ကိုရေးပြီး ဆိုချင်သည်ကို ဆို၍ ထုတ်ချင်သလို ထုတ်သူဖြစ်သည်။ အပင်ပန်းဆုံးကာလတွင် သီချင်းများဝေနေအောင်ထုတ်၍ အကြပ်အတည်းနှင့် ပင်ပန်းမှုက သူ့ကို ခွန်အားဖြစ်စေခဲ့သည်။



သူ့ခံစားချက်ပေါ်မူတည်၍ ဖိအားပေးမရ၊ တောင်းဆိုမရသည်မှာ ဂျီဒရယ်ဂွန် စတိုင်လ်ဖြစ်ကာ လက်ရှိ ဂလက်ဆီကော်ပိုရေးရှင်းနှင့် ၂၀၂၄ ခုနှစ်တွင် စိန်ခေါ်မှုအသစ်နှင့် ပြန်လာမည်ဖြစ်သည်။ (SKY)



## တရုတ်နှင့် ပြင်သစ်နှစ်နိုင်ငံပူးပေါင်း၍ စကြဝဠာလေ့လာရေးဂြိုဟ်တုလွှတ်တင်

**ပေကျင်း ဇွန် ၂၃**

တရုတ်နှင့် ပြင်သစ် နှစ်နိုင်ငံ ပူးပေါင်း၍ ဇွန် ၂၂ ရက်က တရုတ် စံတော်ချိန် ညနေ ၃ နာရီခန့်က စကြဝဠာ လေ့လာရေးဂြိုဟ်တု အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အဆိုပါလေ့လာရေးဂြိုဟ်တုကို တရုတ်နိုင်ငံ တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်းအာကာသစခန်းမှ တရုတ်နိုင်ငံလုပ် လောင်းမတ်ချ် တူးစီ ဒုံးပျံဖြင့် လွှတ်တင်လိုက်ခြင်း ဖြစ်သည်။

အလေးချိန်ပေါင် ၃၀၅၀ ရှိသော ယင်းဂြိုဟ်တုပေါ်တွင် တရုတ်လေ့လာရေးကိရိယာ နှစ်စုံ၊ ပြင်သစ်လေ့လာရေးကိရိယာ နှစ်စုံ တပ်ဆင်ထားသည်။ ထိုကိရိယာများဖြင့် စကြဝဠာထဲရှိ ဂမ်မာရောင်ခြည်များနှင့် အလင်းနှစ်သန်းထောင်ချီဝေးကွာသော နေရာမှ ရောက်လာကြသည့် အလင်းတန်းများအကြောင်းကို စူးစမ်းလေ့လာမည်ဟု ဆိုသည်။ **Mon**



ဆွစ်ဇာလန်နိုင်ငံ အဲလ်ပ်စ်တောင်တန်းဒေသတစ်နေရာတွင် ဇွန် ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားကာ လူသုံးဦး ပျောက်ဆုံးနေသဖြင့် မြေတူးစက်ဖြင့် ရှင်းလင်းပြီး လိုက်လံရှာဖွေနေစဉ်။ **Mon**

## အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူပြည်နယ်တွင် တရားမဝင် ချက်အရက်များကြောင့် လူ ၅၀ ကျော် သေဆုံး

**ဒေလီ ဇွန် ၂၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီးလ်နာဒူပြည်နယ် ကာလာကူရီချီခရိုင်တွင် တရားမဝင် ချက်အရက်သောက်သုံးသူများအနက် မကြာသေးမီက လူ ၅၀ ကျော် သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းချက်အရက်သောက်သုံးသူပေါင်း ၂၀၀ ခန့် ဆေးရုံတင်ထားသည့်အနက်မှ သေဆုံးသူ ၅၄ ဦးအထိ ရှိနေပြီဖြစ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် အမှတ်တံဆိပ်ကောင်းသော အရက်များကို သောက်သုံးရန် မတတ်နိုင်ကြသဖြင့် ချက်အရက်ကို သောက်သုံးကြရာမှ ထိုသို့ မကြာခဏ အဆိပ်သင့်လေ့ရှိကြောင်း သိရသည်။ **Mon**



## စာသင်ကျောင်းများတွင် လက်ကိုင်ဖုန်းတားမြစ်ရေး အခက်အခဲကြုံတွေ့ရမည်ဟု မိဘနှင့် ဆရာများ ယူဆ

**ဝါရှင်တန် ဇွန် ၂၃**

စာသင်ကျောင်းများတွင် လက်ကိုင်ဖုန်း တားမြစ်ရေးအတွက် အမေရိကန်ပြည်ထောင်စုတွင် လူမှုရေးစိတ်ပညာရှင်များ ထောက်ပြလှုံ့ဆော်ခဲ့သည်မှာ နှစ်အနည်းငယ်ကြာပြီ ဖြစ်သည်။

ယခုနှစ်ရောက်မှ အင်ဒီယာပြည်နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကျောင်း၌ လိုက်ကိုင်ဖုန်းသုံးခွင့်မပြု ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သည်။

ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်ဆိုသူက စာသင်ခန်းထဲ၌ လက်ကိုင်ဖုန်း ပိတ်ပင်တားမြစ်ရန် စည်းရုံးလှုံ့ဆော်နေဆဲဖြစ်သည်။

နယူးယောက်ပြည်နယ်တွင်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူး ကေသီဟိုချူလ်က ကျောင်းသား၊ ကျောင်းသူများ စာသင်ကျောင်းသို့ လက်ကိုင်ဖုန်း ယူဆောင်မလာရေး ဥပဒေပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ခေတ် လူ့အဖွဲ့အစည်း၌ ကလေးသူငယ်အများစုနှင့် လက်ကိုင်ဖုန်း တစ်သားတည်းဖြစ်နေသဖြင့် စာသင်ကျောင်းများတွင် လက်ကိုင်ဖုန်း တားမြစ်ရေး အခက်အခဲကြုံတွေ့ရမည်ဟု မိဘနှင့် ဆရာများ ထင်မြင်ယူဆနေသည်ဟု ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။ **Mon**



## ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံအကြား လျှပ်စစ်ကား အခွန်ကိစ္စ ညှိနှိုင်းမည်

**ပေကျင်း ဇွန် ၂၃**

ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံအကြား လျှပ်စစ်ကား အခွန်ကိစ္စ ညှိနှိုင်းရန် နှစ်ဖက်သဘောတူညီလိုက်ပြီဟု ဇွန် ၂၂ ရက်က အတည်ပြုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံမှ တင်ပို့သော လျှပ်စစ်ကားများအပေါ် ဥရောပသမဂ္ဂဘက်မှ အခွန်တိုးမြှင့်ကောက်ခံမည်ဆိုသဖြင့် ဥရောပနိုင်ငံများမှ တင်သွင်းသော ဓာတ်ဆီကားများအပေါ် အခွန်တိုးမြှင့်သွားရန် တုံ့ပြန်ခဲ့ရာမှ ထိုညှိနှိုင်းမည့်ကိစ္စပေါ်ပေါက်လာခြင်း ဖြစ်သည်။

တရုတ်ကုမ္ပဏီများဘက်မှ ကာကွယ်ရန် မိမိတို့ မည်သည့်အရာမဆို လုပ်ဆောင်သွားမည်ဟု တရုတ်အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ဥက္ကဋ္ဌက ပြောကြားကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ





## ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကျေးလက်ဒေသများတွင် မြွေပွေးကိုက်ခံရမှုပမာဏ တိုးမြင့်လာလျက်ရှိ

**ဒက္ကာ ဇွန် ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကျေးလက်ဒေသများတွင် မြွေပွေးကိုက်ခံရမှုပမာဏတိုးမြင့်လာလျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဒေါက်တာဆမန်တာလယ်လ်ဆင်းက ဇွန် ၂၁ ရက်တွင် အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် တောင်အာရှဒေသတွင် တွေ့ရသော ရပ်ဆဲလ်မြွေပွေးကိုက်ခံရသည့် လူနာဦးရေ ပိုမိုများပြားလာသည်ဟု ဘင်္ဂလားဒေ့ရှ် ကျေးလက်ဆေးရုံများက အစီရင်ခံတင်ပြထားသည်။ ထိုမြွေပွေးများသည် ကြွက်များကို ဖမ်းယူစားသောက်ပြီး လူနေသော ပတ်ဝန်းကျင်၌ ရှင်သန်ကျက်စားလေ့ရှိကြသည်။

ယင်းရပ်ဆဲလ်မြွေပွေးများ ၂၀၀၂ ခုနှစ်က မျိုးသုဉ်းသွားပြီဟု ပတ်ဝန်းကျင်လေ့လာသူများ အတည်ပြုခဲ့သော်လည်း ယခု ၄င်းတို့ပြန်ပေါ်လာကြပြန်လေပြီ။

မြွေပွေးအဆိပ်ပြင်းလွန်းသဖြင့် အကိုက်ခံရသူသည် နာရီပိုင်းအတွင်း အသက်ဆုံးရှုံးနိုင်သော်လည်း မိနစ်အနည်းငယ်အတွင်း မြွေဆိပ်ဖြေဆေးထိုးခံရလျှင်မူ အသက်မသေဘဲ သက်သာပျောက်ကင်းနိုင်ကြောင်း သိရသည်။ **Mon**

## စင်ကာပူဒေါ်လာ ၄၀၀၀ တန်ဖိုးရှိသည်ဆိုသော ရွှေချောင်းအတုများ လိမ်ရောင်းမှု ဖြစ်ပွား

**စင်ကာပူ ဇွန် ၂၃**

စင်ကာပူဒေါ်လာ ၄၀၀၀ တန်ဖိုးရှိသည်ဆိုသော ရွှေချောင်းအတုများ လိမ်ရောင်းမှု ဇွန် ၁၉ ရက်က စင်ကာပူနိုင်ငံ၌ ဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အလိမ်ခံရသော အမျိုးသမီး၏ တိုင်ကြားမှုကို လက်ခံပြီးနောက် သက်ဆိုင်ရာရဲတပ်ဖွဲ့က အပူတပြင်းလိုက်လံစုံစမ်းရာ ဇွန် ၂၁ ရက်တွင် အဓိကသံသယရှိသူ အမျိုးသားသုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

ရှေးဟောင်းရွှေချောင်းများကို စင်ကာပူနိုင်ငံတစ်နေရာမှ တူးဖော်ရရှိလာသည်ဟု လိမ်လည်သူများက ပြောဆိုရောင်းချခဲ့ခြင်းဖြစ်ကြောင်း တိုင်တန်းသူ အမျိုးသမီးက ထွက်ဆိုခဲ့သည်။

အရောင်းအဝယ် မဖြစ်မီ ရွှေချောင်းအစစ်ကိုပေးပြီး ပန်းထိမ်ဖိုတွင် စစ်ဆေးကြည့်စေရာ ရွှေအစစ်ဖြစ်ကြောင်း သိရသဖြင့် ထိုအမျိုးသမီးက ဝယ်ယူရန် သဘောတူညီခဲ့သည်။

ငွေချေပြီးနောက် ကျန်ရွှေချောင်းများကို ယင်းပန်းထိမ်ဖိုတွင်ပင် စစ်ဆေးကြည့်သောအခါ အားလုံး ရွှေအတုများဖြစ်နေသည်ကို တွေ့ခဲ့ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀





# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်



**မင်းဘူး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရေဘေးသဏ္ဌာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဇွန်လ ၂၁ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့ ဓာတ်တော်ကုန်းဘုရား မွှာရုံနှင့် ဧရာဝတီမြစ်ကမ်းဘေးတို့၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မင်းဘူးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ အတွင်းရေးမှူး မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဝင်းက ဧရာဝတီမြစ်ကမ်းဘေး နေထိုင်ကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိုးတွင်းကာလ ရေကြီး၊ ရေလျှံမှုများ ကြုံတွေ့ရပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး၊ ဘေးအန္တရာယ် အမျိုးအစားအလိုက် အရေးပေါ် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေရေး၊ သဘာဝဘေးအန္တရာယ်များနှင့် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့လာချိန် ကြိုတင်ဆောင်ရွက်ရမည့်ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အသိပညာပေး လေ့ကျင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေပြင်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းအဖြစ် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ထွန်းနှင့် သနွေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက(Speed Boat)စက်လှေနှစ်စီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် ဧရာဝတီမြစ်အတွင်း ရေပြင်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရှေးဦးသူနာပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ယာယီရေဘေး ကယ်ဆယ်ရေးစခန်းသို့ စနစ်တကျပြောင်းရွှေ့ကူညီဆောင်ရွက်ပေးခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မင်းဘူးခရိုင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက သဘာဝဘေးဖြစ်ပွားပြီးချိန်၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေး အမျိုးအစားအလိုက် ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ရှင်းလင်းပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)

၀-၀-၀-၀-၀



# မီးစက်ခုံဝါယာရှော့စ်ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ ၃၂လမ်းနှင့် ၃၃ လမ်းကြားရှိ ဟိုတယ်မီးစက်ခန်းအတွင်းရှိ ၅၅၀ KVA Caterpillar Genrator အမျိုးအစား မီးစက်ဒိုင်နမိုအထွက် မီးစက်ခုံ ရှော့(စ်)ဖြစ်ရာမှ မီးလောင်ကျွမ်းမှု ဇွန် ၂၁ ရက် ည ၉ နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သနွေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးဖြင့် ရေဂါလန် ၅၀၀၀ ခန့် အသုံးပြု၍ မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီတွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့်(ပေ ၂၀ × ၂၅ပေ)၊ အာစီတစ်ထပ်အဆောက်အအုံအတွင်းရှိ မျက်နှာကြက် များ၊ လျှပ်စစ်ဝါယာကြိုးများ၊ မိန်းခုံတို့ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား အမှတ်(၃)နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဆိုင်ကယ်မတော်တဆဖြစ်ကာ မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၈ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၌ မော်တော်ဆိုင်ကယ်မတော်တဆဖြစ်ပြီး မီးလောင်မှု ဇွန် ၂၂ ရက် ည ၈ နာရီဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်သည့်နေရာသို့ နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ပြီး ဆိုင်ကယ်တစ်စီး မီးလောင်ကာ လူ၊ တိရစ္ဆာန်နှင့် အခြားအဆောက်အအုံထိခိုက်မှုမရှိသော်လည်း ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိသည်။

(၀၅၇)



## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၂၁ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အေးမင်း(ခ)ဝမ်းအေးအား စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးမင်း(ခ)ဝမ်းအေး(၄၄)နှစ်အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊**
**ဘေးကင်း ရန်ကွာ လွန်ချမ်းသာ။**

## မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ တိမ်းမှောက်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ လမ်း ၃၀ ၊ ၅၇လမ်းနှင့်၅၈ လမ်းကြားတွင် မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ တိမ်းမှောက်မှု ဇွန်၂၂ ရက် မွန်းတည့် ၁၂ နာရီကျော်က ဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ ဦး--မောင်းနှင်လာသော မော်တော်ယာဉ်သည် လမ်း ၃၀ အတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် မြတ်သဒ္ဒါလူမှုကူညီရေးအသင်းနှင့် တာဝန်ရှိသူများမှ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)(၀၅၇)

## ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ တိမ်းမှောက်သေဆုံး

**မိုးညှင်း ဇွန် ၂၃**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင် ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ အမျိုးသားတစ်ဦးမှာ ဆိုင်ကယ် တိမ်းမှောက်ပြီး သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် ည ၈ နာရီက မိုးညှင်းပြည်သူ့ဆေးရုံကြီးမှ ယာဉ်တိုက်မှုမှ သေဆုံးသည့် အမျိုးသားရောက်ရှိနေကြောင်း ဖုန်းဆက်အကြောင်းကြားချက်အရ မိုးညှင်းမြို့ ယာဉ်ထိန်းရဲ ဒုရဲအုပ်ထိန်လင်းနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကျော်ဆန်းထွန်းဆိုသူတွင် ဦးခေါင်းနောက်စေ့ ဝဲဘက်(၁)လက်မခန့် ပေါက်ပြဲသွေးထွက်ဒဏ်ရာ(၁)ချက်၊ နှာခေါင်းသွေးထွက်ဒဏ်ရာ ဝဲ၊ ယာပါး ပွန်းပဲ့ဒဏ်ရာ၊ အောက်နှုတ်ခမ်း ယာဘက် ပေါက်ပြဲဒဏ်ရာ၊ ယာဒူး ပွန်းပဲ့ဒဏ်ရာတို့ရရှိ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ရဲဆေးစာရေးသားပေးပို့ခဲ့ရာ တာဝန်ကျဆရာဝန် ဒေါက်တာလာမာမီးက PR-044 ဖြင့် လက်ခံထားရှိခဲ့ပြီး ဖြစ်စဉ်အား စုံစမ်းမေးမြန်းရာ ဇွန် ၁၉ ရက် ည ၇ နာရီခွဲက မိုးညှင်းတက္ကသိုလ်ဘက်မှ မိုးညှင်းမြို့တွင်းဘက်သို့ မြို့တွင်းလမ်းမကြီးအတိုင်း ကျော်ဆန်းထွန်းဆိုသူ တစ်ဦးတည်းမောင်းနှင်လာသည့် KENBO-125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်သည် နောင်ဇွန်းရပ်ကွက်၊ မြသိန်းတန်ဘုရားအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်နှင့် ဈေးရောင်းခုံတို့အား ဝင်ရောက်တိုက်မိခဲ့သဖြင့် အထက်ပါဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်ကာ သေဆုံးသွားသူအား မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

(၄၄၄)

# နိုင်ငံတကာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုများ ပြောင်းလဲလာခြင်း

စွမ်းအင်ပြောင်းလဲမှုဟု ဆိုရာတွင် (၂၀၃၀) ပြည့်နှစ်၌ မြန်မာနိုင်ငံအနေဖြင့် ၁၀၀ ရာခိုင်နှုန်း ပြည့် မီးလင်းပြီးဖြစ်နေရမည်ဟု ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုထက်ပို၍ အသေးစိတ်လေ့လာကြည့်လျှင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက်၏ ၁၁ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေအားနှင့်နေအားတို့မှ ထုတ်ယူသွားနိုင်ရေးဟု တွေ့မြင်သိရှိနိုင်ပါသည်။ ကမ္ဘာတစ်ခုလုံးအနေဖြင့်လည်း ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကို ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် အပူချိန်တို့ကိုလျှော့ချသွားနိုင်မည်ဖြစ်၍ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

အဆိုပါ ရည်မှန်းချက်တာဝန်ကို မဆောင်ရွက်နိုင်ခဲ့လျှင် ကမ္ဘာ့ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းများ ပိုစိပ်လာခြင်းစသည့် ရာသီဥတုဖောက်ပြန်မှုများကို မလွှဲမသွေကြုံတွေ့ လာရမည်ဟု သိပ္ပံပညာရှင်များက အခိုင်အမာ ပြောကြားထားကြပြီလည်း ဖြစ်ပါသည်။ ထို့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ဥရောပနိုင်ငံများသည် များစွာအတုယူဖွယ်ရာ ဆောင်ရွက်နိုင်ကြ ပါသည်။ ဂျာမဏီနိုင်ငံဆိုလျှင်လည်း (၂၀၃၀) ပြည့်နှစ်တွင် ရည်မှန်းချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်တော့မည်ဟု ကြေညာထားသည်။ ပေါ်တူဂီနိုင်ငံဆိုလျှင်လည်း တစ်နိုင်ငံလုံးသုံးစွဲသည့် လျှပ်စစ်ဓာတ်အား၏ ၂၇ ရာခိုင်နှုန်းကို (၂၀၀၅) ခုနှစ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်လုပ်နိုင်ခဲ့သော်လည်း (၂၀၁၇)ခုနှစ်မှာ ၅၄ရာခိုင်နှုန်းထိ တိုးတက်ထုတ်လုပ်လာနိုင်ပြီး (၂၀၂၄) ခုနှစ်တွင် ၉၅ ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ပါသည်။ (၁၉၇၈)ခုနှစ်က ပေါ်တူဂီနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၉၅ ရာခိုင်နှုန်းကို ရုပ်ကြွင်းလောင်စာများမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး (၂၀၂၄) ခုနှစ် ဧပြီလတွင် အဆိုပါအခြေအနေနှင့် ပြောင်းပြန်ထုတ်လုပ်နိုင်ခဲ့ခြင်းသည် သမိုင်းဝင်ဖြစ်ရပ်တစ်ခုအနေဖြင့် ကမ္ဘာတစ်ဝန်းကို သက်သေပြနိုင်ခဲ့သည်။ ပေါ်တူဂီနိုင်ငံ၏ လက်ရှိ Generation Mix မှာလည်း အခြားနိုင်ငံများ အတုယူဖွယ်ရာဖြစ်၍ ဖော်ပြပေးလိုပါသည်။ ပေါ်တူဂီနိုင်ငံအနေဖြင့် ရေအားလျှပ်စစ်မှ ၄၈ ရာခိုင်နှုန်း၊ လေအားလျှပ်စစ်မှ ၃၀ ရာခိုင်နှုန်း၊ ဆိုလာမှ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ အခြားမှ ၁၁ ဒသမ ၅ ရာခိုင်နှုန်း ထုတ်လုပ်နေခြင်းဖြစ်ကြောင်း စိတ်ဝင်စားဖွယ်ရာ တွေ့ရပါသည်။

ဥရောပတစ်ခွင်လုံး၌ ခြုံကြည့်မည် ဆိုလျှင်လည်း နေအားနှင့်လေအားမှ လျှပ်စစ်ဓာတ်အားရရှိမှုသည် စွမ်းအင်လိုအပ်ချက်၏ ၃ပုံ၁ပုံခန့် ၊ ၃၃ ရာခိုင်နှုန်းခန့် ရောက်ရှိလာပြီဖြစ်ပါသည်။ ရုပ်ကြွင်းလောင်စာများမှ လျှပ်စစ်ထုတ်လုပ်မှုက ၂၂ရာခိုင်နှုန်းသာရှိပါတော့သည်။ ရေအားနှင့်နျူကလီးယားမှ ၄၅ ရာခိုင်နှုန်း ထုတ်ယူနေခြင်းသည် စိတ်ဝင်စားစရာကောင်းသောGeneration Mix တစ်ခုဖြစ်ပါသည်။

(၂၀၃၀)ပြည့်နှစ် စွမ်းအင်ရည်မှန်းချက် ပြည့်စုံဖို့အတွက် လက်ရှိဆောင်ရွက်လျက်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုများကို ၆ဆအထိ တိုးတက်ထုတ်လုပ်ရပါလိမ့်ဦးမည်ဟု နိုင်ငံတကာစွမ်းအင် အေဂျင်စီ (IEA)မှ အစီရင်ခံစာတွင် ဖော်ပြခဲ့ပါသည်။ ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံအတော်များများတွင် လက်ရှိအသုံးပြုနေသော ဘက်ထရီအစား ပိုမိုကောင်းမွန်ပြီး သေးသေးနှင့် အများကြီးသုံးနိုင်သော ဘက်ထရီများထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိခြင်းကလည်း လာမည့် ၁၅နှစ်အတွင်း ဘက်ထရီများ၏တန်ဖိုးကို ၉၀ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားစေမှာဖြစ်၍ စွမ်းရည်က ၉၀ ရာခိုင်နှုန်းလောက်အထိ ပိုမိုကောင်းမွန်လာပါလိမ့်မည်ဟု အဆိုပါအစီရင်ခံစာတွင်လည်း ဖော်ပြထားခဲ့သည်။

ဆိုလာဖြင့်ဖြစ်စေ လေအားဖြင့်ဖြစ်စေ လျှပ်စစ်ထုတ်လုပ်ရာတွင် ဘက်ထရီသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ရပါသည်။ နိုင်ငံအဆင့် ဓာတ်အားပေးလိုင်းများအတွင်းသို့ ဓာတ်အားထည့်သွင်းနိုင်ရန် ဘက်ထရီများက အရေးအပါဆုံးဖြစ်နေသေးသည်။ အဆိုပါဘက်ထရီကြောင့်ပင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များ၏ တစ်ယူနစ်ထုတ်လုပ်စရိတ်မြင့်တက်နေခြင်းလည်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ (IEA)၏ ခန့်မှန်းတွက်ချက်မှုအရ (၂၀၃၀)ပြည့်နှစ်တွင် ကမ္ဘာကြီးသည် လျှပ်စစ်စွမ်းအင်လိုအပ်ချက် (၁၅၀၀)ဂီဂါဝပ်ခန့် ရှိလာမည်ဖြစ်၍ (၁၂၀၀)ဂီဂါဝပ်ခန့်ကို ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဘက်ထရီများမှ ထုတ်လုပ်လာကြမှာဖြစ်ပြီး ဘက်ထရီဈေးနှုန်းများ ကျဆင်းလာမှုကြောင့် တစ်ယူနစ်ထုတ်လုပ်မှုစရိတ်လည်း များစွာကျဆင်းသွားဖွယ်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင်ပင် ဆက်လက် ဖော်ပြထားပါသည်။

ထို့ပြင် ဥရောပနိုင်ငံများအနက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ဆိုလာမှလျှပ်စစ် ထုတ်လုပ်ဖို့ ကြိုးစားရာတွင် အတုယူသင့်သော နိုင်ငံတစ်ခုလည်း ရှိပါသည်။ ဆိုလာဖြင့် လျှပ်စစ်ထုတ်လုပ်ရာမှာ အရေးကြီးသော ပြဿနာက မြေနေရာပြဿနာဖြစ်ပြီး မြေဈေးကလည်း အလွန်ပင်မြင့်တက်လာနေလျက်ရှိပါသည်။

အဆိုပါ အချက်သည် ထည့်သွင်းမစဉ်းစား၍ မရသောအချက်ဖြစ်ပြီး ဆိုလာဖြင့် လျှပ်စစ်ထုတ်လုပ်ရာတွင် တစ်ယူနစ်ကုန်ကျစရိတ် မြင့်တက်နေခြင်းတွင်လည်း အဆိုပါအချက်သည် အဓိကအချက်အဖြစ် ပါဝင်နေသည်။ အဆိုပါပြဿနာကို ဖြေရှင်းရာတွင် စပိန်နိုင်ငံအနေဖြင့် သံချိုင်းကုန်းနေရာများတွင် ဆိုလာခင်းများ ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ အုတ်ဂူများလည်း အရိပ်ရ၊ တစ်ဖက်ကစွမ်းအင်လည်းရမည်ဖြစ်သဖြင့် နှစ်ဖက်အကျိုးရှိသော စီမံကိန်းများဖြစ်ပြီး စပိန်အစိုးရက RIP စီမံကိန်း(ငြိမ်းချမ်းစွာ အနားယူပါ စီမံကိန်း)ဟု အမည်ပေးထားပါသည်။ စပိန်နိုင်ငံသည်လည်း (၂၀၃၀) ပြည့်နှစ်မှာ အစိမ်းရောင်စွမ်းအင်ကို ၁၀၀ ရာခိုင်နှုန်း သုံးစွဲနိုင်ဖို့ အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်ပြီး စပိန်အစိုးရ၏ ဆောင်ရွက်ချက်များသည်လည်း အတုယူဖွယ်ဖြစ်နေပြန်ပါသည်။

ဥရောပနိုင်ငံတွေအကြောင်းကိုချည်း ပြောလိုခြင်းမဟုတ်ပါ ကမ္ဘာနှင့်အဝန်း ဆောင်ရွက်လျက်ရှိနေခြင်းများကို ဗဟုသုတအဖြစ် တင်ပြလိုခြင်းသာဖြစ်ပါသည်။ ဩစတေးလျအခြေစိုက် Climate Energy Finance မှ ထုတ်ဝေသော အစီရင်ခံစာတွင် တရုတ်နိုင်ငံသည် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုတိုးတက်နှုန်းကို ဆက်လက်ထိန်းထားပြီး ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်မှုကို လျှော့ချလာနိုင်မည်ဆိုပါက တရုတ်နိုင်ငံမှ ရေးဆွဲထားသော ကာဗွန်နှစ်ထပ်ရာသီဥတု ရည်မှန်းချက်ပန်းတိုင်သို့ ၂၀၃၀ပြည့်နှစ်မှာ ရောက်ရှိနိုင်ပါသည်ကို ဖော်ပြထားခြင်းသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံတိုင်းကို ကျော်လွန်နိုင်သည့် အရှိန်အဟုန်ဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ခြင်းကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသော နိုင်ငံလည်းဖြစ်သည်။ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို သိသိသာသာလျှော့ချလျက်ရှိပြီး အရန်စွမ်းအင်အရင်းအမြစ်အဖြစ် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးခြင်းကို ထားရှိပါသည်။ မိုးခေါင်ရေရှားမှုကြောင့် ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံအနှံ့အပြားတွင် ရေအားလျှပ်စစ် ထုတ်လုပ်မှုများ ကျဆင်းလာခဲ့ပြီး နိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အားပြတ်တောက်မှုပြဿနာများ ဖြစ်ပေါ်လာစေခဲ့ခြင်းကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်ရန် ကြိုးပမ်းလာနေခြင်းလည်း ဖြစ်ပါသည်။



တရုတ်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ယခုအခါ စုစုပေါင်း ဓာတ်အားထုတ်လုပ်မှု၏ ၅၃ ရာခိုင်နှုန်းကို ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များမှ ထုတ်လုပ်လာနိုင်ခဲ့ပြီး ရေအားနှင့်ကျန်စွမ်းအင်များမှ ထုတ်လုပ်မှုသည် ၄၇ ရာခိုင်နှုန်းသာရှိသည်ကိုလည်း စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပါသည်။ ထို့သို့ဆိုလျှင် ကမ္ဘာ့နိုင်ငံအများအပြားသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြပြီး ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို အတတ်နိုင်ဆုံးလျှော့ချရန် ကြိုးစားလျက်ရှိကြောင်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ရုပ်ကြွင်းလောင်စာဆိုသည်မှာ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ရေနံ(ဒီဇယ်ဖြင့်မောင်းခြင်း) ကဲ့သို့သော လျှပ်စစ်ထုတ်လုပ်မှုမျိုးကိုဆိုလိုပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ ရေအား၊ လေအားစသည်တို့မှ လျှပ်စစ်ထုတ်လုပ်မှုမျိုးကို ဆိုလိုပါသည်။

သို့ဖြစ်၍ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ရာတွင် (၂၀၁၅)ခုနှစ်က ၂ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သော်လည်း ယခုအခါ ၃ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိလာပြီး (၂၀၃၀)ပြည့်နှစ်တွင် ၁၁ ရာခိုင်နှုန်းအထိ ထုတ်လုပ်နိုင်ရန် အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတကာပြောင်းလဲလာသည့်နည်းတူ လျှပ်စစ်ဓာတ်အားရရှိမှုအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ မှီခိုနေမှုများအား လျှော့ချပြီး တတ်နိုင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် ဆိုလာနှင့် လေအားမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်အသုံးပြုလာခြင်းဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတန့်အသင့် လျှော့ချလာနိုင်ပြီး အရေးကြီးသည့် နေရာများတွင် လျှပ်စစ်ဓာတ်အားကို အပြည့်အဝပိုမိုအသုံးချနိုင်လာကြမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။



**မောင်မောင်စွယ်စုံထွန်း**

# နိုင်ငံတကာ အားကစား သတင်းများ

## ဂယ်လာဟာ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၅၀အထိ ချဲလ်ဆီးအသင်း အလိုရှိ

**လန်ဒန် ဇွန် ၂၃**

ချဲလ်ဆီးအသင်းသည် အသင်းကွင်းလယ်ကစားသမားဂယ်လာဟာ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၅၀ အထိ အလိုရှိနေသည်။

အသက်(၂၄)နှစ်အရွယ်ရှိ



ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အက်စတွန်ဗီလာအသင်းအပြင် ဥရောပကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမားဂယ်လာဟာသည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားပြီး ၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ချဲလ်ဆီးအသင်းကလည်း ဂယ်လာဟာအတွက် စတာလင်ပေါင် သန်း ၅၀ ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဂယ်လာဟာအား မည်သည့်အသင်းက ခေါ်ယူသွားမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ဝဲပုံ)**

(NGB)

## ဒီပိုင်းအား ခေါ်ယူရန် အေစီမီလန်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ စိတ်ဝင်စား

**မီလန် ဇွန် ၂၃**

စီးရီးအေကလပ်အသင်းများဖြစ်သည့် အေစီမီလန်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့သည် အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ လမ်းခွဲခဲ့ပြီး အသင်းလက်မဲ့ဖြစ်နေသော တိုက်စစ်မှူး ဒီပိုင်းအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။ **(အောက်ယာပုံ)**

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ပီအက်စ်ဗီ၊ မန်ချက်စတာယူနိုက်တက်၊ လိုင်ယွန်၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်တို့တွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် စီးရီးအေကလပ်များက ခေါ်ယူရန်စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ထို့ကြောင့် အေစီမီလန်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့အနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော ဒီပိုင်းအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Hubert Hurkacz တက်ရောက်

**မြူးနစ် ဇွန် ၂၃**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပိုလန်တင်းနစ်ကစားသမား Hubert Hurkacz တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်ကစားသမား Hubert Hurkacz သည် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၇-၆၊ ၆-၄ ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်ကစားသမား Hubert Hurkacz နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ပုံ)** (NGB)

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ
### အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

**အုပ်စု(ခ)ပွဲစဉ်များ**

ပွဲစဉ်(၁)ရလဒ် – စပိန် ၃–၀ ခရိုအေးရှား | အီတလီ ၂–၁ အယ်လ်ဘေးနီးယား

ပွဲစဉ်(၂)ရလဒ် – ခရိုအေးရှား ၂–၂ အယ်လ်ဘေးနီးယား | စပိန် ၁–၀ အီတလီ

**အုပ်စု(ခ)အမှတ်ပေးဇယား**

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | စပိန် | ၂ | ၂ | - | - | ၄ | - | +၄ | ၆ |
| ၂ | အီတလီ | ၂ | ၁ | - | ၁ | ၂ | ၂ | - | ၃ |
| ၃ | အယ်လ်ဘေးနီးယား | ၂ | - | ၁ | ၁ | ၃ | ၄ | -၁ | ၁ |
| ၄ | ခရိုအေးရှား | ၂ | - | ၁ | ၁ | ၂ | ၅ | -၃ | ၁ |

**ခရိုအေးရှား – အီတလီ**

**ဇွန် ၂၅ ရက် (အင်္ဂါနေ့) နံနက် ၀၁း၃၀ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၉၉၄-၉၅ ခရိုအေးရှား ၁-၁ အီတလီ ၁-၂ ခရိုအေးရှား (ယူရို ၉၆ ခြေစစ်ပွဲ)
၈-၆-၂၀၀၂ အီတလီ ၁-၂ ခရိုအေးရှား (ကမ္ဘာ့ဖလား ၂၀၀၂ အုပ်စု)
၁၄-၆-၂၀၁၂ ။ ၁-၁ ခရိုအေးရှား (ယူရို ၂၀၁၂ အုပ်စု)
၂၀၁၄-၁၅ ခရိုအေးရှား ၁-၁ အီတလီ ၁-၁ ခရိုအေးရှား (ယူရို ၂၀၁၆ ခြေစစ်ပွဲ)

နိုင်ပွဲမရသေးသော ခရိုအေးရှားတို့ ယခုပွဲနိုင်အောင် ကြိုးစားကစားလာမည် ဖြစ်သောကြောင့် နာမည်ကြီး အီတလီတို့ အခက်တွေ့မည့်ပွဲဖြစ်ပြီး သရေကျသွားနိုင်ကာ အီတလီ နိုင်ပါကလည်း ဂိုးပြတ်နိုင် မသေချာသည့်ပွဲမျိုး ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ခရိုအေးရှား–နိုင်၊နိုင်၊နိုင်၊ရှုံး၊သရေ | အီတလီ–နိုင်၊သရေ၊နိုင်၊နိုင်၊ရှုံး**

**အယ်လ်ဘေးနီးယား – စပိန်**

**ဇွန် ၂၅ ရက် (အင်္ဂါနေ့) နံနက် ၀၁း၃၀ နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၁၉၈၆–၈၇ အယ်လ်ဘေးနီးယား ၁-၂ စပိန် ၅-၀ အယ်လ်ဘေးနီးယား(ယူရို ၈၈ ခြေစစ်ပွဲ)
၂၀-၁၂-၁၉၉၀ စပိန် ၉-၀ အယ်လ်ဘေးနီးယား (ယူရို ၉၂ ခြေစစ်ပွဲ)
၁၉၉၂-၉၃ အယ်လ်ဘေးနီးယား ၁-၅ စပိန် ၃-၀ အယ်လ်ဘေးနီးယား (ကမ္ဘာ့ဖလား၉၄ခြေစစ်ပွဲ)
၂၀၁၆-၁၇ အယ်လ်ဘေးနီးယား ၀-၂ စပိန် ၃-၀ အယ်လ်ဘေးနီးယား (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ)

နာမည်ကြီးစပိန်တို့ အနိုင်သေချာသည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

**အယ်လ်ဘေးနီးယား–ရှုံး၊နိုင်၊နိုင်၊ရှုံး၊သရေ | စပိန်–သရေ၊နိုင်၊နိုင်၊နိုင်၊နိုင်**



## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ
### (အုပ်စု-က)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၄-၆-၂၀၂၄ တနင်္လာနေ့ | မွန်းလွဲ ၂း၃၀ နာရီ | ဘရူနိုင်း - လာအို |
| ။ | ည ၇း၀၀နာရီ | ဖိလစ်ပိုင် - အင်ဒိုနီးရှား |

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)

နိုင်ကမ္ဘာ

**အုပ်စု(ဃ)ပွဲစဉ်များ**

**ကိုလံဘီယာ – ပါရာဂွေး**

**ဇွန် ၂၅ ရက် (အင်္ဂါနေ့) နံနက် ၄း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၂၀၁၆-၁၇ ကိုလံဘီယာ ၁-၂ ပါရာဂွေး ၀-၁ ကိုလံဘီယာ (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ)
၂၄-၆-၂၀၁၉ ကိုလံဘီယာ ၁-၀ ပါရာဂွေး (ကိုပါ အမေရိကဖလား အုပ်စု)
၂၀၂၁ ကိုလံဘီယာ ၀-၀ ပါရာဂွေး ၁-၁ ကိုလံဘီယာ (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ)
၂၂-၁၁-၂၀၂၃ ပါရာဂွေး ၀-၁ ကိုလံဘီယာ (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ)

ကမ္ဘာ့အဆင့်(၁၂)ရှိသည့် ကိုလံဘီယာအသင်းနှင့် ကမ္ဘာ့အဆင့်(၅၈)ရှိသည့် ပါရာဂွေးအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ၂၁ ကြိမ်ဆုံတွေ့ခဲ့ရာ ကိုလံဘီယာက ၁၃ ကြိမ် အနိုင်ရထားပြီး ၄ ကြိမ် သရေကျကာ ၄ ကြိမ်သာ ရှုံးနိမ့်ထား၍ အစဉ်အလာအရရော ခြေစွမ်းအရပါ အသာရနေသဖြင့် ကိုလံဘီယာတို့ သေချာပေါက် နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ကိုလံဘီယာ–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင် | ပါရာဂွေး–သရေ၊ရှုံး၊သရေ၊ရှုံး၊နိုင်**

**ဘရာဇီး – ကော့စတာရီကာ**

ဇွန် ၂၅ ရက် (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီ

နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု

၁၆–၆–၁၉၉၀ ဘရာဇီး ၁–၀ ကော့စတာရီကာ (ကမ္ဘာ့ဖလား ၉၀ အုပ်စု)
၁၃–၆–၁၉၉၇ ဘရာဇီး ၅–၀ ကော့စတာရီကာ (ကိုပါ အမေရိကဖလား အုပ်စု)
၁၃–၆–၂၀၀၂ ဘရာဇီး ၅–၂ ကော့စတာရီကာ (ကမ္ဘာ့ဖလား ၂၀၀၂ အုပ်စု)
၁၂–၇–၂၀၀၄ ဘရာဇီး ၄–၁ ကော့စတာရီကာ (ကိုပါ အမေရိကဖလား အုပ်စု)
၂၂–၅–၂၀၁၈ ဘရာဇီး ၂–၀ ကော့စတာရီကာ (ကမ္ဘာ့ဖလား ၂၀၁၈ အုပ်စု)

ကမ္ဘာ့အဆင့်(၅)ရှိသည့် ဘရာဇီးအသင်းနှင့် ကမ္ဘာ့အဆင့်(၅၂)ရှိသည့် ကော့စတာရီကာအသင်း တို့သည် ခြေစမ်းပွဲများ အပါအဝင် ၁၀ ကြိမ် ဆုံတွေ့ခဲ့ရာ ဘရာဇီးက ၁၀ ကြိမ်လုံး အနိုင်ရခဲ့သည့်အတွက် ဘရာဇီးတို့ ပြတ်သားစွာ အနိုင်ရမည့်ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်

ဘရာဇီး–ရှုံး၊နိုင်၊သရေ၊နိုင်၊သရေ | ကော့စတာရီကာ–နိုင်၊ရှုံး၊သရေ၊နိုင်၊နိုင်

# မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ပင်းတယ ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ထယ်သွန်း ကျေးရွာအုပ်စုရှိ ကုလုံဘုရားပရိ ဝုဏ်အတွင်း သာသနာ့နယ်မြေ၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အား ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာ စကားများပြောကြားပြီး ဒေသ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး ဟိန်းထက်ဇော်၊ အဖွဲ့ဝင်(၂) ဦးရာဇာငြိမ်းချမ်း၊ အဖွဲ့ဝင်(၃) ဦးကျော်ကျော်ဦးနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်း ရေးမှူး ဦးရဲလင်းမောင်တို့က ဒေသအဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံသို့ လည်းကောင်း၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော် မိုးလွင်က မြို့နယ်အဆင့် ဌာန ဆိုင်ရာများအားလည်းကောင်း သစ်ပင်များ လွှဲပြောင်းပေးအပ်ခဲ့ ပြီးနောက် တက်ရောက်လာကြ သူများ၊ ကျောင်းသား၊ ကျောင်း သူများ၊ ကုလုံကျေးရွာအုပ်စု ဓနုတိုင်းရင်းသား ယဉ်ကျေးမှု အသင်းသူ၊ အသင်းသားများ၊ ကျောက်စုကျေးရွာရှိ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်း သူများ စုစုပေါင်း အင်အား ၅၅၀ ဦးတို့က မိုးအကြိုသစ်ပင် ထင်း ရှူးပျိုးပင် ၁၉၀ပင်၊ စိန်ပန်းနီ ပျိုးပင် ၉၀ပင်၊ စိန်ပန်းပြာ ပျိုးပင် ၁၉၀ ပင်၊ လင်းလွန်းပျိုးပင် ၁၉၀ ပင်၊ မျောက်ငို ပျိုးပင် ၂၉၀ ပင်၊ စုစုပေါင်း အပင် ရေ ၉၅၀ ပင်အား တပျော်တပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၃၈)

# အငြိမ်းစားဝန်ထမ်းများ၏ ဇွန်လအတွက် ပင်စင်လစာငွေများအား ပုံမှန်ထုတ်ပေး

**ကံမ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ ဇွန်လ အတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ဇွန် ၂၁ ရက် နံနက် ၆ နာရီမှစတင်၍ ထုတ်ပေးလျက်ရှိရာ ရပ်ကွက် ကျေးရွာများမှ ပင်စင်စားများအား နေ့အလိုက် ခွဲခြားသတ်မှတ်၍ ပင်စင်လစာငွေများကို ပုံမှန်ထုတ် ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် အကြောင်း အမျိုးမျိုးကြောင့် ကာယကံရှင် ကိုယ်တိုင် လာရောက်ထုတ်ယူ နိုင်ခြင်းမရှိသူများအနေဖြင့်လည်း မိသားစုဝင်တစ်ဦးက ကိုယ်စား လှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူ နိုင်ကြောင်း ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၀၅ ဦး၊ ကာကွယ် ရေး ပင်စင် ၁၄၈ ဦး၊ နိုင်ငံရေး ပင်စင် ၇၁ ဦးနှင့် မြန်မာ့စီးပွား ရေးဘဏ်ပင်စင် ၈ ဦး စုစုပေါင်း ပင်စင်စားအငြိမ်းစားဝန်ထမ်း ၈၃၂ ဦးရှိကြောင်း ကံမမြို့ မြန်မာ့ စီးပွားရေးဘဏ်မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၄ ခုနှစ် ရွှေမန်းမောင်-မယ်ပြိုင်ပွဲ ဇူလိုင် ၇ ရက် ပထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပမည်

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ လူငယ်ရေးရာကော်မတီ၊ မန္တလေး တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုကော်မတီနှင့် iFIT Co.Ltd တို့ ကြီးမှူးကျင်းပ သည့် ၂၀၂၄ ခုနှစ် ရွှေမန်းမောင် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီတွင် ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပမည် ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံများကို ဇွန် ၃၀ ရက်အတွင်း ဗထူးကွင်းရှိ မန္တလေးတိုင်းဒေသကြီး ကာယ ဗလနှင့် ကာယကြံ့ခိုင်မှုစခန်းတွင် ပေးပို့ကြပါရန်နှင့် ပြိုင်ပွဲဝင်များ အနေဖြင့် ဇူလိုင် ၅ ရက် နံနက် ၈ နာရီတွင် ခါးနံပါတ်ပေးခြင်းနှင့် အရပ်ပေတိုင်းခြင်းများ ဆောင် ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေး မည်ဖြစ်ကြောင်း ထပ်မံသိရသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ရွှေမန်း မောင်(က)အလွတ်တန်း ကာယ ဗလမောင်ပြိုင်ပွဲတွင် ၁/၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် ပထမရရှိသူနှင့် မြန်မာ့လက်ရွေး စင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ ၂။ ပြိုင်ပွဲဝင် ၅ ဦးရှိမှ ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ၃။ Winner ဆုတစ်ဆုတည်း ပေးအပ်ချီးမြှင့် မည်၊ ကျပ်သိန်း ၃၀)(ခ)ရွှေမန်း မောင်ပြည်နယ်နှင့် တိုင်းမှာ ၂၀၂၃ ခုနှစ် ပထမရရှိသူနှင့် မြန်မာ့ လက်ရွေးစင်များ ယှဉ်ပြိုင်ခွင့်မပြု ကြောင်းနှင့် ၁။ ကာယဗလမောင် (70kg)ထက် ၂။ ကာယဗလ မောင် (70kg)အောက် ၃။ Men's sports physique (170cm) ထက် ၄။ Men`s sports physique (170cm) အောက် ၅။ Men`s Athletic physique (ဂ)ရွှေမန်းမယ် ပြည်နယ်နှင့်တိုင်း ၂၀၂၃ ခုနှစ် ပထမရရှိသူနှင့် မြန်မာ့လက်ရွေး စင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ (၆) Women`s Model physique (160cm)ထက် (၇) Women`s Model physique (160cm)အောက် (၈) Women`s Athletic physique (ဃ)ပြိုင်ပွဲတန်းတိုင်းတွင် ပြိုင်ပွဲ ဝင်ငါးဦးရှိမှ ပြိုင်ပွဲကျင်းပမည် ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲဝင် တစ်ဦး ပြိုင်ပွဲနှစ်တန်းယှဉ်ပြိုင် ခွင့်ပြုမည်။ (ပြိုင်ပွဲဝင်ဖောင်တစ် စောင်လျှင်သုံးသောင်း၊ နှစ်တန်း ပြိုင်ပါက ခြောက်သောင်းပေး သွင်းရမည်ဖြစ်သည်။**(အောက်ပုံ)**

ပြိုင်ပွဲဝင်များသည် မန္တလေး တိုင်းဒေသကြီးအတွင်း နေထိုင်သူ ဖြစ်ရမည်ဖြစ်ပြီး အိမ်ထောင်စု ဇယားနှင့် မှတ်ပုံတင်မိတ္တူတင်ပြ ရမည်ဖြစ်ပြီး မှတ်ပုံတင် ၉/မ- -ကိုင်ဆောင်သူများ ပါဝင်ယှဉ် ပြိုင်လိုပါက မိမိနေထိုင်ရာ မြို့ နယ် ရပ်ကွက်ရုံးမှ ခြောက်လ နေထိုင်ကြောင်း ထောက်ခံချက် တင်ပြရမည်။ မှတ်ပုံတင် ၉/မ- ကိုင်ဆောင်သူများသည် ၂၀၂၄ ခုနှစ် ဇူလိုင် ၇ရက်တွင် ကျင်းပ မည့် ရွှေမန်းမောင်/မယ်ပြိုင်ပွဲ မှ ပထမ၊ ဒုတိယဆုရရှိပါက မန္တလေးတိုင်းဒေသကြီး ကိုယ်စား ပြုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပေး ရမည်။ အကယ်၍ မယှဉ်ပြိုင်ပေး ပါက မိမိတိုင်းဒေသကြီး၊ အခြား တိုင်း/ပြည်နယ်များသို့ သွား ရောက်ယှဉ်ပြိုင်ပါက ပြိုင်ပွဲဝင် ရောက် ယှဉ်ပြိုင်ခွင့်မပြုအောင် တိုင်းအောင်နိုင်ရေးအတွက် ကန့် ကွက်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်မောင်မယ်များ ကြိုတင် လေ့ကျင့်ပြင်ဆင်ထားကြပါရန် နှင့် အားကစားကို ချစ်မြတ်နိုး သည့် အလှူရှင်စေတနာရှင် စပွန် ဆာရှင်များကိုလည်း ကြိုဆိုပါ ကြောင်း နှိုးဆော်ထားပြီး ပြိုင်ပွဲ ဝင်များအနေဖြင့် ဦးထွန်းလှိုင် (အတွင်းရေးမှူး)၀၉-၄၄၄၀၂၀ ၈၀၂၊ ဦးမျိုးဆက်အောင်(တွဲဖက် အတွင်းရေးမှူး(၁) ၀၉-၉၇၄၄၅ ၅၄၉၄၊ ဦးနေဆန်း(တွဲဖက်အတွင်း ရေးမှူး(၂) ၀၉-၇၉၅၆၈၁၂၂၇ တို့ထံ စာရင်းပေးသွင်းဆက် သွယ်နိုင်ကြောင်း ပြိုင်ပွဲကျင်းပ ရေးအတွင်းရေးမှူးထံက သိရ သည်။

(၀၄၀)



# မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံချက်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇွန် ၂၃**

မြန်မာနိုင်ငံကြက်ခြေနီ အသင်း၊ စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် (Operation Management Unit-OMU) ၏ ဆောင်ရွက်မှုဖြင့် ၂၀၂၄ ခုနှစ် ပထမခြောက်လပတ်အတွင်း အန္တရာယ်ကင်းစွာ သိရှိသတိပြု ခြင်းနှင့်ဘေးကင်းစွာ ပြုမူနေ ထိုင်ခြင်း (Risk Awareness and Safer Behavior-RASB)အသိပညာပေးအစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ Eastern Palace Hotel ခန်းမ တွင် ဇွန် ၂၂ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ကြက်ခြေနီကြီး ကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်က နှုတ်ခွန်း ဆက်စကားပြောကြားပြီး မြန်မာ နိုင်ငံကြက်ခြေနီအသင်း စီမံချက် လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း က လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး များမှ ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့်ကော်မတီ ဝင်များ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များ၊ စီမံချက်လုပ်ငန်း များ စီမံခန့်ခွဲမှုယူနစ်မှ တာဝန်ခံ များ တက်ရောက်ခဲ့ကြသည်။

(ဝဲပုံ)(၀၄၅)

# တရုတ်နိုင်ငံဝယ်ယူမှုကြောင့် ပြည်တွင်းဈေးကွက်အတွင်း နှမ်းနက်၊ နှမ်းဖြူဈေးနှုန်းကောင်းများ ရရှိနေ

**မန္တလေး ဇွန် ၂၃**

တရုတ်နိုင်ငံ ဝယ်ယူမှုကြောင့် ပြည်တွင်းဈေးကွက်အတွင်း နှမ်း နက်နှင့်နှမ်းဖြူဈေးနှုန်းကောင်း များ ရလျက်ရှိကြောင်း မန္တလေး ပွဲစားကုန်သည် စက်ပိုင်များ မဟာ ကထိန်တော်အသင်းက သိရသည်။

နှမ်းနက်စမုန့်မှ မေလပထမ သီတင်းပတ်တွင် သုံးတင်းဝင်တစ် အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀- ၄၀၅၀၀၀ သာရှိခဲ့ပြီး ဇွန်တတိယ သီတင်းပတ်တွင် ငွေကျပ် ၄၃၀၀၀၀-၄၇၅၀၀၀၊ နှမ်းဖြူ (ဂျပန်)ငွေကျပ် ၄၀၀၀၀၀- ၄၂၀၀၀၀ မှ ယခုအခါ ငွေကျပ် ၄၄၀၀၀၀ ရှိကြောင်း သိရသည်။

"တရုတ်နိုင်ငံက နှမ်းနက်စမုန့် နဲ့ နှမ်းဖြူ(ဂျပန်)က အဝယ်ပုံမှန် ရှိနေတယ်။ မန္တလေးဈေးကွက် အတွင်းကို နှမ်းအဝင်ကနည်းတဲ့ အတွက် ရောင်းချမှုထက် ဝယ်ယူ မှုကများနေပြီး နှမ်းဈေးနှုန်းတွေ ကောင်းလာတာဖြစ်ပါတယ်။ဆက် လက်ဈေးကောင်းမယ့် အခြေ အနေမှာရှိပါတယ်"ဟု အဆိုပါ အသင်းက ကုန်သည် ဦးညိုက ပြောသည်။

လက်ရှိတွင် နှမ်းအား တရုတ် နိုင်ငံသို့သာ အဓိကထားတင်ပို့ ရောင်းချနေရပြီး ၄င်းတို့ ဝယ်ယူမှု ပေါ်မူတည်ကာ ဈေးနှုန်းအပြောင်း အလဲရှိကြောင်း ထို့အတွက် တစ် ခြားနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် လည်း စီစဉ်မှုများကို ပြုလုပ် လျက်ရှိကြောင်း၊ ပြည်ပသို့ တင်ပို့ နိုင်ရန်အတွက် ပြည်တွင်းတွင် လုံလောက်စွာစိုက်ပျိုးသင့်ကြောင်း ကုန်သည်များထံက သိရသည်။

နှမ်းအား မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး တို့တွင် အဓိကစိုက်ပျိုးကြပြီး လက်ရှိ မိုးရာသီတွင် အဓိက စိုက်ပျိုးကြကြောင်း၊ ပြည်တွင်း တွင် နှမ်းအား ဆီကြိတ်ခွဲခြင်း၊ မုန့်လုပ်ငန်းများတွင် အများဆုံး အသုံးပြုကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# Basic Dermatology & Aesthetic Medicine Course သင်တန်းများနှင့် ဒုတိယအကြိမ် မိတ်ဆက်

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့တွင် စတင်ဖွင့်လှစ်သွားမည့် Aesthetic Dermatology Training Course သည် One Stop Service တွေ လူကြိုက်များလာသည့်အချိန်တွင် Aesthetic Training တွေထဲမှာ One-Stop Training Course လို့ ပြောရလောက်အောင်ထိ အလွန်ပြီးပြည့်စုံသည့် RBL Training Center (Royal Beauty Land)မှ ကျင်းပပေးမည့် Basic Dermatology & Aesthetic Medicine Course သင်တန်းများနှင့်ဒုတိယအကြိမ် မိတ်ဆက်ခြင်း ဖြစ်သည်။



အလှအပရေးရာ ဆေးပညာကို စိတ်ဝင်စားပြီး စာတွေ့၊ လက်တွေ့ စုံစုံလင်လင်လေ့လာသင်ကြားခွင့်ရမည့် "4 Day Lectures and Hands on Training Course" ကို ဇွန် ၆ ရက်မှ ဇွန် ၂၉ ရက်အထိ ဖြစ်ပြီး ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ရွေးချယ်၍ နေ့အလိုက် တက်ရောက်သင်ကြားနိုင်ပါသည်။ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃ လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းတွင် Day-1:Basic Dermatology & Chemical Peeling, Day-2:Botox and Basic Thread Lifting, Day-3:MD Codes™ & Filler Injection,Day-4: PRP, Laser and Light Treatment သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းသူ၊ သင်တန်းသား

များအတွက် သင်ထောက်ကူ ပစ္စည်းများ၊ Training Note စာအုပ်နှင့် ဘောပင်၊ မှတ်ရန်စာရွက်၊ Coffee Break, Lunch and Snacks အပြင် RBL Training Centre Certificate လက်မှတ်များ ပေးအပ်သွားမည်ဖြစ်သည်။သင်ကြားပြသပေးမည့် ဆရာဝန်များမှာ အလှအပရေးရာဆေးပညာလောကတွင် ၁၀ နှစ်ကျော် အတွေ့အကြုံရှိသော ဆရာဝန်များဖြစ်သည့် Dr. Lwin Moe Ag (Founder of Grace Aesthetics Clinic) နှင့် Dr. Phyo Nyi Nyi Ag (Founder of The Skin Clinic)တို့က အနီးကပ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)



## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးပိုစတာစိုက်ထူပွဲ ကျင်းပ

**မိုင်းရှူး ဇွန် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးရှေ့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ဇွန် ၂၂ ရက် နံနက် ၈ နာရီက လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆိုင်းဘုတ်စိုက်ထူပွဲတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)လှုပ်ရှားစစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကိုထက်၊ ခရိုင်သန်းခေါင် စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် အတွင်းရေးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် အတွင်းရေးမှူး ဦးထွန်းမြင့်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အမွှေးနံ့သာရည် ပက်ဖျန်းပြီး အမှတ်တရ မှတ်တမ်းဓါတ်ပုံများ ရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရီးသွားလာပြည်သူများ၊ ဒေသခံပြည်သူများအား အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ မိုးသီးနှံအတွက် စိုက်ပျိုးရေများ ပေးလွှတ်လျက်ရှိ

**ဆိပ်ဖြူ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း စိုက်ပျိုးဧရိယာအတွင်းမှ မိုးသီးနှံ စိုက်ပျိုးမည့် တောင်သူများအတွက် စပါးပျိုးထောင်ရေနှင့် မြေပြင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး ရေများကို ပေးလွှတ်နေပြီဖြစ်သည်။ **(အပေါ်ယာပုံ)**



၂၀၂၄ ခုနှစ် မိုးသီးနှံအတွက် ဆိပ်ဖြူအောက်ဆိပ်မြစ်ရေတင်စီမံကိန်းတွင် မိုးစပါး ၅၅၅ ဧက၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ အစရှိသော အခြားသီးနှံ ၉၄၅ ဧက စုစုပေါင်း ဧက ၁၅၀၀ စိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိသည်။ မြစ်ရေတင် စိုက်ပျိုးဧရိယာအတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်သော သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးဆောင်ရွက်နိုင်ရေးတို့အတွက် စိုက်ပျိုးရေပြည့်ဝစွာရရှိနိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသခံတောင်သူများ၏ မိုးသီးနှံစိုက်ပျိုးချိန်အမီ စတင်စိုက်ပျိုးလိုသည့်ရက်များအတွက် လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူများ၊ ရေပေးဝေရေးကော်မတီအဖွဲ့များနှင့် ဒေသခံတောင်သူများတွေ့ဆုံ၍ စိုက်ပျိုးရေပေးမည့် စီမံဆောင်ရွက်ချက်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကာ မိုးစပါးပျိုးထောင်ရေနှင့် စိုက်ပျိုးမြေပြင်လုပ်ငန်းများအတွက် စိုက်ပျိုးရေကို ဇွန် ၁၅ ရက်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများကလည်း ဒေသခံတောင်သူများ၏ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် သီးနှံအထွက်တိုး မျိုးကောင်း၊ မျိုးသန့်များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်၊ သွင်းအားစုနှင့် သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားအန္တရာယ်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားပေးကြောင်း၊ အောက်ဆိပ်မြစ်ရေတင်စီမံကိန်း မိုးသီးနှံစိုက်ဧက ၁၅၀၀ အတွက် ဧရာဝတီမြစ်မှ ရေတင်စက် ၃ ခု၊ ပင်မမြောင်းနှင့် လက်တံမြောင်း ၁၀ ခုတို့မှတစ်ဆင့် ရေပေးမြောင်းများသို့ စိုက်ပျိုးရေပြည့်ဝစွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဘောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့်၂၂လမ်းနှင့် ၂၃လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို Longarm စက်နှင့် ဗိုးဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့်၂၅လမ်းနှင့်၂၆လမ်းကြားရှိ ချောင်းအတွင်းမှ အမှိုက်ဒိုက်နှင့်ဗေဒါများကို PC-200 စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် စက်ယန္တရားများဖြင့် ဆယ်ယူနိုင်ရန် လုပ်သားများက လှေငယ်များဖြင့် ဗေဒါနှင့်ဒိုက်များ တွန်းပို့ခြင်း ဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဘောချောင်းအရှေ့ဘက်ပတ်လမ်း အောင်မင်္ဂလာတံတားတောင်ဘက်ခြမ်း ချောင်းအတွင်း ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ (ဝဲပုံ)


သင်္ဘောချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို ဘက်ဟိုးစက်တစ်စီးအသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၄၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များ သတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂)၊ ၃၁လမ်းနှင့်၃၂လမ်းကြား လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

ဝတ္ထုတိုကဏ္ဍ

# ဝဋ်ကြွေးတစ်ဖန် မေတ္တာရောင်ပြန်



ကြည်မင်းဝေ

ပူပြင်းလှသောနေရောင်ခြည်အောက်၌ လမ်းဘေးဝဲ၊ ယာက မြူပင်ကိုင်းပင် မြက်ပင်ငယ်ကလေးများနှင့် တံလျှပ်ထအောင် ခြောက်သယောင်းနေသော ရိတ်သိမ်းပြီးစ ယာမြေရိုးပြတ်ကွင်းများကိုကြည့်ကာ ပို၍ ပူလောင်လာသည်ဟု လှမောင် ခံစားလိုက်ရ၏။ သူ့ရှေ့၌ အရေခွံတွန့်နေသော အကြောပြိုင်းပြိုင်းထနေသည့် လက်ကလေးဖြင့် ကားဘေးတန်းကို ရှိရှိကလေးဆုပ်ကိုင်၍ ထိုင်ရင်းမျက်ရည်ကြည်ကလေးများ ဝေ့ဝဲလျက်သူ့မျက်နှာကို တွေငေးငေးလေးမော့ကြည့်နေရှာသော ဒေါ်လှမေရင်ထဲမှ နေခုနှစ်စင်းမျှပူနေသည်ကိုတော့ လှမောင်မသိပေ။ ကုန်စျေးတောင်းဆန်အိတ်၊ ဆီပုံး၊ ပဲအိတ်များအကြား၌ တိုးကြိတ်လိုက်လာကြရသဖြင့် ခရီးသည် အားလုံးချွေးတလုံးလုံးနှင့် ချွေးနံ့များ၊ ငါးပိငါးခြောက်နံ့များ၊ ကြက်သွန်အနံ့များကထောင်းထနေသည်။

"စမ်းရေမေတ္တာဘိုးဘွား ဓမ္မရိပ်သာဆင်းမယ့် ဆရာ ရောက်ပါပြီ "

"ကဲအမေ ရောက်ပြီ လာဆင်းကြစို့ "

လှမောင်က ပြောပြောဆိုဆို ကားပေါ်မှ ခုန်ချလိုက်လေသည်။ တဆတ်ဆတ်တုန်နေသော ဒူးလေးကို လက်ကလေးထောက် ကျန်လက်တစ်ဖက်က လက်ကိုင်တန်းကိုကိုင်ကာ ဒေါ်လှမေ ကားထဲက ထွက်လိုက်သည်။ လှမောင်က သူ့အမေ့လက်ကိုထိန်း၍ အသာအယာအောက်သို့ တွဲချလိုက်သည်။ အပြာရောင်သံပြားပေါ်၌ ရေးထားသော "စမ်းရေမေတ္တာ ဘိုးဘွားဓမ္မရိပ်သာ" ဆိုင်းဘုတ်ကြီးကို ကြေကွဲစွာမော့ကြည့်နေရှာသည်။ သူ့လက်ထဲမှ တစ်ပတ်နွမ်းချည်တဘက်ကလေးဖြင့် ထုတ်ထားသောအထုပ် ကလေးကို ရင်ဝယ်ကပ်ထားရှာ၏။

"ကဲအမေလာ ဒီရိပ်သာပဲ လာ အထဲထိ ကျုပ်လိုက်ပို့မယ် "

ဒေါ်လှမေကသူ့မျက်နှာကို ဖြေးညင်းစွာ မော့ကြည့်နေရှာပြီး အနားသို့တိုးကပ်သွားသည်။ လက်ကလေးနှစ်ဖက်ဖြင့် လှမောင်မျက်နှာကို တုန်တုန်ရီရီညှပ်ကိုင်ထားရှာ၏။ အရေပြားများလျော့ရဲတွန့်ကြေနေသော ပါးပြင်ပေါ်သို့လည်း မျက်ရည်ပေါက်ကြီးများတလိမ့်လိမ့်ကျလာသည်။

"သားမလိုက်ပါနဲ့တော့ အမေဒီကနေပဲ သွားလိုက်ပါတော့မယ်။ အထဲရောက်လို့ မေးလားစမ်းလားဆို သားလေးမျက်နှာငယ်နေပါ့မယ်။ ဆရာတော်လေးက မေတ္တာတော်ကြီးပါတယ်လို့ မမြရင်က အမေ့ကိုပြောလိုက်ပြီးသားပါ"

သူ့အမေစကားကြောင့် လှမောင်မျက်နှာ ပျက်သွား၏။ ရိပ်သာအဝင်ဆိုင်းဘုတ်ကြီးကို တစ်ချက်မော့ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ကာ အိတ်ထောင်ထဲမှ ငါးရာတန်ကလေးသုံးရွက်ကို ထုတ်လိုက်သည်။ "ကဲအမေ ဒါဆိုလည်းကျုပ်သွားတော့မယ် ရှေ့အမေစားချင်တာလေး ဝယ်စားဖို့ ပိုက်ဆံလေးယူထားလိုက်နော်"

ဒေါ်လှမေ မဲ့ပြုံးလေးတစ်ချက်ပြုံးလိုက်ကာ သူ့သားလက်ကလေးကိုဆုပ်ကိုင်ပြီး တုန်တုန်ချိချိ တွန်းထားလိုက်၏။

"နေ နေ နေပါစေသားရယ် အမေ့အတွက် မလိုပါဘူး ငါ့သားလေးအပြန် မလောက်မငှဖြစ်နေပါ့မယ် ငါ့သားယူသွားပါ ကျန်းမာရေးဂရုစိုက်နော် ငါ့သားက အပူရှပ်တတ်တယ် "မြေးလေးတွေကိုလည်းဂရုစိုက်ပါ" သားရယ် ကဲကဲ ငါ့သားသွား တော့ အမေနေခဲ့ပါ့မယ် သားရယ်"

"အဲ့ဒါဆို ကျုပ်သွားတော့မယ်ဟိုမှာ ညောင်တုန်းကားလာနေပြီ "

"ကျန်းမာရေးဂရုစိုက်နော်သား ချွေးမတိတ်ဘဲ ရေမချိုးနဲ့နော်"

ဒေါ်လှမေအသံမဆုံးခင် လက်ရမ်းပြရင်း လှမောင် ညောင်တုန်းကားပေါ်သို့ အပြေးတက်သွားလေသည်။ ပူပြင်းလှသော နေမင်းကြီးအပူရှိန်က သူ့ရင်ထဲကအပူဒဏ်ကိုမမီလေရော့သလား သူ့သားစီးသွားသော ကားကိုမျက်စိတစ်ဆုံးကြည့်ကာ တုန်ချိယိုင်နဲ့စွာရပ်နေရာမှကားလေးမျက်စိအောက်က ပျောက်သွားချိန်တွင် အရုပ်ကြိုးပြတ်ခွေခေါက်လဲကျသွားလေသည်။

• • • • • • • • • • • •

သူနာပြုဆရာမလေးတစ်ယောက်က ဒေါ်လှမေ၏ လက်ကောက်ဝတ်ထဲသို့ သွေးကြောများစမ်းကာ ဆေးထိုးအပ်လေးဖြင့် ဆေးပုလင်းချိတ်ကာ ထွက်သွား၏။ ခဏအကြာတွင် အမျိုးသမီးသုံးယောက်နှင့်အတူ သူနာပြုဆရာမလေး ပြန်ဝင်လာသည်။ ခပ်ဝဝအမျိုးသမီးတစ်ယောက်က စာအုပ်ကြီးတစ်အုပ်ကိုဖွင့်ကာ ဒေါ်လှမေ၏ ကိုယ်ရေးအချက်အလက်တို့ကို မေးလေသည်။

"အမေကြီးမှာ သားထောက်သမီးခံဘယ်သူမှ မရှိဘူးပေါ့"

"မရှိပါဘူးဆရာမကြီးရယ် သားလေးတစ်ယောက်တော့ရှိပါတယ်။ ဒါပေမယ့်သားလေးနဲ့ကလည်း ကွဲကွာနေပြီး ဒုက္ခရောက်နေတုန်း မိတ်ဆွေတစ်ယောက်ကလမ်းညွှန်လိုက်လို့ ဒီကိုအရောက်လာခဲ့တာပါ ဆရာမရယ်"

"ခု ဒီကိုဘယ်သူမှအဖော်မပါဘူးလား ရိပ်သာရှေ့မှာအမေကြီး မူးလဲနေလို့ကျွန်မတို့ အမေကြီးကို ဒီအထဲခေါ်လာရတာရှင့်" မှုသားရေယှက် အမှန်တစ်ဝက်စကားများကို ဒေါ်လှမေ ဖြေလိုက်၏။ ဆရာမလေး ထပ်မေးလာသောစကားကို မကြားသကဲ့သို့နေလိုက်သည်။ အမှန်တကယ်လည်း သူသိပ်ချစ်ရသော သားလေးနှင့် ကွဲကွာခဲ့ရလေပြီ။ တကယ်လည်း အားကိုးရာမဲ့သူဖြစ်လေသည်။ သို့သော် တကယ့်အဖြစ်မှန်ကိုတော့ သူ့တစ်သက်မည်သူ့ကိုမျှ ဖွင့်ပြောလိမ့်မည်မဟုတ်ပေ။သူ့ကြောင့် သူ့သားလေး အကဲ့ရဲ့မခံစေလိုပေ၊ ချွေးမလေးအပေါ်သို့လည်း မည်သို့မျှအပြစ်မတင်ရက်နိုင်ဘဲ သူ့ဘဝ ဝဋ်ကြွေးဟုသာ ခံယူထားပြီးဖြစ်၏။ သို့သော်လည်း ထိုတစ်ရက်ကို ဒေါ်လှမေ မမေ့နိုင်သေးပေ။

"ကဲ ကိုလှမောင် ကျုပ်ပြောတဲ့အတိုင်း တော်လုပ်နိုင်လုပ် မလုပ်နိုင်ရင် ကျုပ်ကတော့ တော့်ကို မပေါင်းနိုင်တော့ဘူး ဒါပဲ"

"ဟူး - - နေပါဦး မသန်းမြင့်ရာ ငါစဉ်းစားနေပါတယ်၊ နောက်ပြီး နင်ပြောသလိုကြီး တစ်နေရာရာ သွားပစ်ဖို့ကျ အမေ့ကို သိပ်ရက်စက်ရာများ ကျနေမလားလို့ပါဟာ"

စဉ်းစားစဉ်းစား မြန်မြန်စဉ်းစား ကျုပ်ကတော့ ဒီလို သူအို သူနာလိုလူကို အိမ်မှာထားပြီး မကျွေးနိုင် မနေနိုင်တော့ဘူး" နေ့ရှိသ၍ ဆူဆူအောင့်အောင့်နှင့် မသဒ္ဒါ ထမင်းကိုမဝရေစာစားရင်း တစ်ဦးတည်းသော သားလေးနှင့် သမုဒယသံယောဇဉ်အသစ် မြေးကလေးများကြောင့် ဘဝနေဝင်ချိန်ကိုစောင့်ရင်း ကြိတ်မှိတ်နေခဲ့ပေမယ့် သူ့အတွက်နှင့် သားနှင့်ချွေးမလေးတို့ ကံကြီးတွေထိုက်ကြပေတော့မည်။ ပြီးခဲ့သောရက်က ဆေးခန်းသွားပြစဉ် အိမ်နားနီးချင်း မမြရင် ပြောပြသော "မေတ္တာစမ်းရေ ဘိုးဘွားဓမ္မရိပ်သာ"ကို သူကိုယ်တိုင်က သွားချင်ကြောင်း သားကို ဖွင့်ပြောလိုက်ခြင်း ဖြစ်သည်။

"အမေကြီး အသက်မမေးခဲ့ရလို့ ပြောပါဦးရှင်" စောစောက ဆရာမလေးတစ်ယောက်လာမေးသဖြင့် ဒေါ်လှမေအတွေးတို့ ရပ်သွားလေသည်။ " ရှစ်ဆယ့်ခြောက်နှစ်ပါ သမီးရယ်" အသက်သုံးဆယ်အရွယ်ကောင်းဖြင့် မုဆိုးမဘဝရောက်ခဲ့ရပေမယ့် သားလေးကို ချစ်သောစိတ်ဖြင့် ဤသားသည်သာ သူ့ဘဝ၊ ဤသားသည်သာသူ့အလင်းရောင်အဖြစ် မှတ်ယူကာ သားကိုလက်ဆွဲ လောကဓံတရားနှင့် တိုက်ပွဲဝင်ခဲ့သူ ဒေါ်လှမေ အသက်ရှစ်ဆယ်ကျော်မှ သူချစ်လှသောသားကို ခွဲထားခဲ့ရသည်ကိုတော့ ရင်နာလှသည် ယခုတော့ ဤသမုဒ္ဒယအပူများကို ဆရာတော်ဘုရားဟောပြလမ်းညွှန်သော တရားရေအေးများနှင့်အတူ ဝိပဿနာတရားများဖြင့် ငြိမ်းအေးစွာယူရင်း ဘဝနောက်ဆုံးအချိန်တွင် သန္တိသုခကို ရခဲ့လေပြီ ။

• • • • • • • • • • •

ရာသီဥတုကဆိုးရွားစွာပင် လောကတစ်ခွင် လုံးမည်းမှောင်နေလေသည် အချိန်အားဖြင့် ညနေငါးနာရီမျှသာ ရှိသေးသော်လည်း သည်းထန်လှ သောမိုးကြောင့် ရှိသင့်သည်ထက်ပို၍ မှောင်နေလေပြီ။ ရှေ့မီးကြီးဖွင့်မောင်းနေသည်ပင် မြင်ကွင်းက လုံးဝမသဲကွဲတော့သဖြင့် ဇွတ်ဆက်မောင်းနေလျှင် အန္တရာယ်ဖြစ်ပေတော့မည်။ လိုင်သာယာက ထွက်ကတည်းက လမ်းကကျဉ်းသွားပေပြီ မောင်းရသည်က နှစ်ဆယ့်လေးဘီးကားကို လမ်းဘေးသို့ ထိုးရပ်လိုက်သည်။

"ဆရာလှမောင် ဘယ်လိုလုပ်ကြမလဲ မောင်းလို့မရတော့ဘူးလား"

"အေးကွာ ဘာမှကိုမမြင်ရတော့ဘူးကွ လမ်းကလည်း ကျဉ်းတယ်ကွ "

"ဒါဆို ခဏနားပြီးမိုးနဲနဲစဲမှ ညောင်တုန်းရောက်ဖို့နီးပါပြီ‥ ကားထဲမှာပင် နှစ်ယောက်သားမိုးခိုနေလိုက်ကြ၏။ စပယ်ရာ မောင်မြင့်က လက်အုပ်ကလေးချီလျက် ပါးစပ်ကရွတ်ရင်း ဒက်ရှ်ဘုတ်ပေါ်သို့ ကန်တော့နေလေသည်။ မောင်မြင့်နှင့် သူတွဲလာသည်မှာ သုံးနှစ်ပင်ပြည့်တော့မည်။ ဂိတ်ကကားစထွက်သည်မှ ယခုကဲ့သို့လမ်းခုလပ်ကားရပ်လျှင်လည်း မပျက်မကွက် ဤသို့ ပြုမြဲဖြစ်၏။ မူဆယ်ကပြန်ဆင်းလျှင်လည်း သူ့အမေအတွက်ဟုပြောကာ တရုတ်ဆေးရုမ်းတိုင်းရင်းဆေးအမျိုးမျိုးနှင့် ရှမ်းပြည်ထွက်စားစရာလေးများနှင့် လွှက်များသစ်သီးများ၊ တစ်ခါတစ်ရံ မျက်နှာသုတ်တဘက်၊ အနွေးထည်လေးအချို့ကို မပျက်မကွက် ဝယ်လာတတ်သည် ။

"မောင်မြင့် ဘာတွေရွတ်ပြီးကန်တော့ နေတာလဲကွ နောက်ပြီး ပြီးခဲ့တဲ့အခေါက်ကလည်း မျက်နှာသုတ်တဘက်တစ်ထည်ဝယ်လာတယ် အခုလည်းတဘက် ကျားကြီးဝယ်လာပြန်ပြီ ဘာလုပ်ဖို့လဲ"

"ရတနာသုံးပါးနဲ့ အမေ့ကိုကန်တော့နေတာပါ ရွတ်တာက ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်နဲ့ မိဘဂုဏ်တော်တွေ ရွတ်တာပါဆရာရယ် တဘက်ကြီးကမွှေရုံမှာ အမေဥပုသ်သီလယူရင်ခြုံဖို့ပါ။ ကျန်တာလေးတွေက အိမ်မှာအမေ့ကို ပြုစုနေတဲ့ ကျွန်တော့်မိန်းမအတွက်ပါ"

"ဒါနဲ့ မင်းအိမ်မိသားစုမှာ မင့်ဝင်ငွေနဲ့ စားအိုးနဲ့မင့်အမေဆေးဖိုးဝါးခနဲ့ လောက်ရဲ့လားကွ"

"အင်း ဒီလိုပဲလောက်ငှအောင် ကြံရဖန်ရတာပေါ့အကိုရာ ကျွန်တော့်မိန်းမက သိပ်လိမ္မာတာအကို ရငွေလဲစုတတ်တယ် အိမ်မှာဆိုင်လေးလည်းဖွင့်ထားတယ်လေ ဆိုင်လေးရှိတော့ အမေလည်း တလှုပ်လှုပ်နဲ့ မပျင်းတော့ဘူး"

မောင်မြင့်မိသားစုဘဝနှင့် သူ့မိသားစုအခြေအနေက ပိန်မသာလိန်မသာဖြစ်၏။ မောင်မြင့်မှာလည်း သူ့လိုပင်အမေအိုတစ်ယောက်အရွယ်ရောက်စသားအကြီးတစ်ယောက် သမီးကလေးတစ်ယောက်နှင့် မိန်းမရှိ၏။ ဝင်ငွေအနေဖြင့်ဒရိုင်ဘာဖြစ်သော သူကပင်ပိုသေးသည် မောင်မြင့်မှာ သူကဲ့သို့ပင် အသောက်အစားမရှိအပျော်အပါးမရှိ ရိုးသား၏။ သူကမူ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း တစ်ခါတစ်ရံ လမ်းကြုံအလွယ်ရလျှင် အပျော်လေးဖက်လိုက်သေးသည်၊ ဤကိစ္စမျိုးတွင် မောင်မြင့်ကအနားပင်မသီပေ မိန်းခလေးက ဇွတ်လိုလိုလား လာခေါ်နေလျှင်ပင် -----။

(ဆက်လက်ဖော်ပြပါမည်)

# စာဖတ်ဝိုင်းဆွေးနွေးပွဲနှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၃**

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့်ရရှိသည့် အတွေးအမြင် ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော် စာရေးဆရာများ၊ စာရေးဆရာမများနှင့် စာပေဝါသနာရှင်များက စာရေးဆရာကြီး ဇန်းမော်တင် အောင်ရေးသားသည့် 'ငသြ' စာအုပ်ဖြင့် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်ရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာစာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)က စာပေဘဝဖြတ်သန်းမှုနှင့် စာပေရေးသားမှုများကို ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ ပါမောက္ခဒေါက်တာထူးလာ၊ စာရေးဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်)၊ စာရေးဆရာ အောင်ဆွေထက်(ချွေးမြို့တော်)၊ စာရေးဆရာမ မေချို(ပျဉ်းမနား)၊ စာရေးဆရာ အိုင်ပီမျိုးအောင်၊ စာရေးဆရာ သဘာဝ၊ စာရေးဆရာ မောင်အောင်ဝေ(ညောင်ခြေထောက်)၊ စာရေးဆရာ ဟန်ညွန့်(ယဉ်ကျေးမှု)၊ စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာ နွေဦးကိုကို(နေပြည်တော်)၊ စာရေးဆရာ မောင်လေပြေ(တောင်တွင်း)၊ စာရေးဆရာ ရွှေပြည်စိုး(မိုးကုတ်)၊ စာရေးဆရာ ခိုင်မင်း(နေပြည်တော်)၊ စာရေးဆရာမ လုံမငယ်(လှူမှု)၊ စာရေးဆရာ ချယ်ချယ်(YU)၊ စာရေးဆရာ ယုံလေး၊ ကာတွန်းအောင်ကျော်၊ စာရေးဆရာ မောင်ကျော်စော၊ စာရေးဆရာ မောင်သန်းညွန့်(မြစ်ခြေ) စာရေးဆရာမ သီရိမေနှင့် စာပေဝါသနာရှင်များက



စာရေးဆရာကြီး ဇန်းမော်တင် အောင် ရေးသားသည့် 'ငသြ' စာအုပ်အားဖတ်ရှု၍ မိမိတို့၏ ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးခဲ့ပြီး စာရေးသူ၏ ခံစားမှုရသများကို အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့မှ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)က ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအတွက် ပခုက္ကူတစ်သက်တာစာပေဆုရ အမေတင်ရီမ (ညောင်ဦး) မွေးနေ့အထိမ်းအမှတ် စာအလင်္ကာများ စာအုပ်များကို လည်းကောင်း၊ ပြည်ထောင်စုနယ်မြေစာကြည့်တိုက်များ ဖောင်ဒေးရှင်းအဖွဲ့မှ စာအုပ်စာစောင်များကိုလည်းကောင်း တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူးများအား ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရွှေဘို ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလတ်ဆတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး 'စာပဒေသာ ဝေဆာစေမည်' Video Clip အားပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြပြီးနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူလေးများနှင့် မောင်ခင်မင်(ဓနုဖြူ)ရေးသားသည့် အမွှေခံတစ်ယောက် အမွှေပေးသူတစ်ရာ စာအုပ်ပါခေါင်းစဉ် ငါးခုဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်းနှင့် စကားပုံဆက်ပြိုင်ပွဲ၊ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇင်က KG တန်းကလေးငယ်များအား ပုံပြင်၊ ရုပ်ပြစာအုပ် ဖတ်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ပြသထားရာ စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း၊ အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အ.ထ.က (၁) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ စုံလင် ယဉ်ကျေးမှု

## နေဝင်ချိန်ဆန္ဒမွန်

\- - - - - - - -

* သက်ရှစ်ဆယ် နီးပြီမို့
နေရင်းပင် ပိုလို့ "အို"
နေဝင်ချိန် ဘဝခရီးကိုဖြင့်
သွားဖို့နီး အသင့်ပြင်
တမလွန် တံခါးဆီမသွားမီ
တံတားအသွင် သဒ္ဓါခင်း
လှူဒါန်းရင်း အထုပ်ပြင်။

* ဘဝတစ်ခုရဲ့ နိဂုံး
မသေဆုံးမီ အချိန်ကလေးမှာ
နေနည်းတတ် အသေမြတ်ဖို့
လေ့ကျင့်ပြင်ဆင်။

* အသေမဦးခင် ဉာဏ်ဦးကာပြင်ဆင်ရ
ပရမတ်မှန် ခပ်မြန်မြန်
ကောန်မှချ ဖြစ်ပျက်ရတဲ့
ဓမ္မသဘောတရားရဲ့
တကယ့်အရှိသဘောကို
"အိုမခေါင်"ထင်ရှားသိအောင်
အမြဲဆောင် ဘာဝနာနဲ့
ရုပ်နာမ်နှစ်ပါးဖြစ်ပျက်များ
သတိထား ရှုပွားအစဉ်
နေဝင်ချိန် ဘဝခရီးအတွက်ပင်
အသင့်ပြင် အဆင်သင့်ပါပဲ။

* မသွားမီ အချိန်ကလေးမှာတော့
ဘာသာ သာသနာကောင်းကျိုး
ကုသိုလ်ပျိုး လှူလှူက်အစဉ်
စွမ်းသမျှပင်။

* မသွားမီ အချိန်ကလေးမှာတော့
စာ၊ ပန်းချီ အလှူဒါနများ
သည်မခေါင့် ကိုယ်စား
ထားခဲ့ချင်သား။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**

# ပန်းချီဆရာလှမော်၏ (၆) ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၂၃**

ပန်းချီဆရာ လှမော်၏ (၆)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇွန် ၂၉ရက်မှ ဇူလိုင် ၃ရက်ထိ ငါးရက်တိုင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ပြသမည်ဖြစ်သည်။

ပန်းချီလှမော်သည် ပထမအကြိမ်အဖြစ် ၂၀၁၃ ခုနှစ်တွင် မန္တလေးတောင်ပန်းချီပြခန်း မန္တလေးမြို့တွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် လောကနတ်ပန်းချီပြခန်း ရန်ကုန်မြို့တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ၄၃ ပန်းချီ ပြခန်း ရန်ကုန်မြို့တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် OK Gallery ရန်ကုန်မြို့တွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် မန္တလေးတောင်ပန်းချီပြခန်း မန္တလေးမြို့တွင်လည်းကောင်း ပြသခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။ ယခုလည်း ပြပွဲကျင်းပမည့်ရက်မတိုင်မီ ပန်းချီကားစုဆောင်းသည့် ပန်းချီချစ်မြတ်နိုးသည့် ဂျပန်အဖွဲ့မှ လာရောက်အားပေးသွားသည်ဟုလည်း သိရသည်။

ယခု ဆဌမအကြိမ် (၆) ကြိမ်မြောက်ပန်းချီပြပွဲကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်ထိ မန္တလေးတောင်ပန်းချီပြခန်းတွင် (Mandalay Hill Art Gallery) တွင်လည်းကောင်း ငါးရက်တိုင် ပြပွဲကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ဖိတ်ခေါ်ထားသည်ဟု သိရသည်။



(အပေါ်ပုံ) (ဝ၅ဝ)

## သတင်းပဒေသာ

### စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်းငှားရမ်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများဗဟုသုတရရှိစေရန်၊ အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်မှုဉာဏ်များ ရင့်သန်လာစေရန်၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာပေချစ်မြတ်နိုးသူများအတွက် ရည်ရွယ်၍ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ဌာနဆိုင်ရာရုံးများအရောက် စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်း ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ပြည်သူများ ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇွန် ၁၉ ရက် နံနက် ၆ နာရီခွဲက ဌာနဆိုင်ရာများပူးပေါင်း၍ မြို့မဈေးတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာတက်ကြွသော ဘဝရရှိစေရန်အတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာတော်များ ဆေးကုသဆောင်၌ ယနေ့နံနက် ၉ နာရီကပုံမှန်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကလေးသူငယ်အခွင့်အရေးများအကြောင်း အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့၊ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်ရေးရာ တိုးတက်ကောင်းမွန်လာစေရန်၊ အကျင့်စာရိတ္တကောင်းမွန်လာစေရန်၊ အသိပညာဗဟုသုတတိုးပွားလာစေရန်ရည်ရွယ်၍ ကလေးသူငယ်အခွင့်အရေးများကို ကလေးများကိုယ်တိုင်သိရှိနားလည်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေးဆိုင်ရာ အသိပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများကို အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အခွန်ဘဏ္ဍာငွေတိုးတက်ကောက်ခံရရှိရေးနှင့် အခွန်ထမ်းများ အခွန်ဆိုင်ရာတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇောဓိငါးထောင်ဥယျာဉ်သို့ ဘုရားနှင့် ထီးတော်များ လှူဒါန်း




**မန္တလေး ဇွန် ၂၃**

မန္တလေး၊ တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော်၊ ဇောဓိငါးထောင်ဥယျာဉ်တော်၏ နာယကဆရာတော် ဘဒ္ဒန္တတိက္ခ ဦးဆောင်နေသည့် ဇောဓိငါးထောင်ဥယျာဉ်တော်သို့ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးအောင်ကိုကိုမင်း+ဒေါက်တာအေးအေးအောင်၊ (သမီး)မအိမ့်ရတီမင်း၊ မစံရတီလင်းထက် မိသားစုတစ်စုက ဘုရားနှင့် ထီးတော်အတွက် ငွေကျပ် တစ်သိန်းလေးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဦးကျော်မင်း(လဝက-ငြိမ်း)+ဒေါ်အေးမြင့်ကြည်၊ (သား)မောင်အေးမင်း၊ မောင်ပြည့်ဖြိုးကျော် မိသားစုက ဘုရားတစ်ဆူနှင့် ရွှေသင်္ကန်းအတွက် ငွေကျပ် ခုနစ်သောင်းငါးထောင်၊ မန္တလေးမြို့နေ အလှူရှင် ဦးရဲဇော်အောင်+ဒေါ်ရွှေရည်ဝင်း၊ (သမီး)နီနီရဲဇော် မိသားစုက ဘုရားတစ်ဆူနှင့် ရွှေသင်္ကန်းအတွက် ငွေကျပ် ခုနစ်သောင်းငါးထောင် ယမန်နေ့က စုပေါင်းလှူဒါန်းကြရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းကိုယ်စား ရုံးအဖွဲ့ဝင် မန္တယ်နီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေးမြို့၊ အမရပူရ၊ ရေကြည်ရွာနေ အလှူရှင် ဦးစံသိန်း+ဒေါ်ဝင်းကြည်က ဘုရားနှစ်ဆူနှင့် ထီးနှစ်လက်အတွက် တစ်သိန်းငါးသောင်း၊ ရတနာပုံတက္ကသိုလ်(မန္တလေး)နေ အလှူရှင် မိဘများ ဦးဘစိုး+ဒေါ်စန်းခင်၊ (ညီမ)ခင်းကျော့ကျော့စိုး၊ (မိခင်)ခိုင်ခိုင်စိုးတို့အား ရည်စူး၍ ဒေါက်တာခင်မော်မော်စိုး၊ ဒုတိယပါမောက္ခချုပ်က ဘုရားတစ်ဆူ ခြောက်သောင်းငါးထောင်ကျပ် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ကဆ)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးဆောင် ဆရာတော်ထံသို့ ဦးပွားဂေါပကအဖွဲ့အလှူငွေများ လှူဒါန်း

**မန္တလေး ဇွန် ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာမုနိဘုရားကြီး အရှေ့မြောက်ဘက်ရှိ ဓမ္မိကာရာမကျောင်းတိုက်၊ ရတနာပုံကျောင်းဆရာတော် ဘဒ္ဒန္တသီဟနာဒ(အဂ္ဂမဟာပဏ္ဍိတ)နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တတိယအဖွဲ့ခွဲတာဝန်ဖြင့် ဝါတွင်းကာလ ၄ လအတွင်း ရန်ကုန်မြို့ရှိ ကမ္ဘာအေးကျောင်းတွင် သတင်းသုံးနေစဉ် ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးများအတွက် အလှူငွေလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရတနာပုံကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဆရာတော်မှ အလှူရှင်နှင့် ပရိသတ်တို့အား ငါးပါးသီလချီးမြှင့်ပေးတော်မူပြီးနောက် ဦးပွားဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ယု၊ ဦးမင်းမင်းဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင် ဦးဇင်မင်းလွင်တို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆရာတော်မှ မေတ္တာသုတ်တရားတော်များကို ချီးမြှင့်ပေးတော်မူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



**(အပေါ်ပုံ)(ကဆ)**




## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇွန် ၂၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းပြုလုပ်ရာ ရှေးဦးစွာ အလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကထိကဆရာတော် ဘဒ္ဒန္တကဝိဇေက အလှူရှင်မိသားစုတို့က လှူဒါန်းအပ်သောကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့၊ မြို့သစ်ရပ်နေ အလှူရှင် ဦးတိုးဝင်း+ဒေါ်ပြုံးပြုံးအေး မိသားစုက (သား)မောင်ဟန်ဝင်းဖြိုး၊ အသက်(၃၆)နှစ်အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သိန်း ၃၀၊ စုစုပေါင်း ငွေကျပ် သိန်း ၅၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၃၆)**

## ဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူ

**ကျွန်းလှ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့၌ ဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)မှ သံဃာတော်များအား ယနေ့ နံနက် ၇ နာရီက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

အဆိုပါ ဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၌ သီတင်းသုံးတော်မူသော စာချ၊ စာသင် သံဃာတော်အပါး ၇၀ ကျော်တို့အား ကျွန်းလှမြို့ပေါ်ရပ်ကွက်နေ ပြည်သူများက ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့အပြင် ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်အတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ရပ်ဝေး၊ ရပ်နီး ကုသိုလ်ရှင်များ၊ ဒေသခံပြည်သူများက ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မျိုးဝင်းညို ကျွန်းလှ**

*-*-*-*-*



# ကျွန်ုပ်ဘဝ၏ ကဗျာ့ဖခင်ကြီး(သို့မဟုတ်) ဘုရားဒါယကာမောင်ကာဠု(ပုသိမ်ကြီး)



စာပေကိုချစ်သောသူတို့သည် မိမိ၏အရင်းအချာဖြစ်သော သူတို့ရင်တွင်း၌ စာပေချစ်စိတ်ဟူသော မျိုးပင်ငယ်ကို စိုက်ပျိုးထူထောင်လျက် စာပေ၏အကျိုးအတွက် တာဝန်ကျေတတ်ပေ၏။ ထိုမျိုးပင်ငယ်ကို ကျွန်ုပ်၏ရင်တွင်း၌ ရှင်သန်စေရန် လုံ့လပြုသူမှာ မောင်ကာဠု(ပုသိမ်ကြီး)ပင်ဖြစ်သည်။ ဆရာကြီး မောင်ကာဠု(ပုသိမ်ကြီး)သည် ကဗျာလောကတွင် ယောင်ချာချာဖြစ်နေသော ကျွန်ုပ်အား မြဝတီ၊ ငွေတာရီ စသည့် မဂ္ဂဇင်းတိုက်များစွာသို့တိုင် လူလားမြောက်သော ကဗျာဆရာတစ်ယောက်အဖြစ် ဝင်ဆံ့နိုင်သည်အထိ တွန်းအားပေးလျက် ကျွန်ုပ်၏ရင်တွင်းမှ ကဗျာပျိုးပင်ငယ်ကို ရေလောင်း ပေါင်းသင်ခဲ့သူ ဖြစ်ပါသည်။

ဆရာကြီးသည် ရွှေမန်းမြို့၏ စာပေရေကောင်း မြေကောင်းတွင် ပေါက်ဖွားလာသော ကဗျာဆရာတစ်ယောက်ဖြစ်သည်နှင့်အညီ ရိုးသားသောဂုဏ်၊ ပြတ်သားသောစိတ်ဓာတ်ဖြင့် အညာသားပီပီ ရိုးရှင်းသော နေထိုင်မှုတို့ဖြင့် နေထိုင်လျက် သူနှင့်တန်းတူ ကဗျာဆရာများနှင့် ရင်ပေါင်တန်းလျက် မြန်မာကဗျာရေစီးကြောင်းတွင် ဆန်ချီတစ်ခါစုန်ချီတစ်လှည့် ဖြတ်သန်းလာသူဖြစ်ပါသည်။ ဂန္ထဝင်ကဗျာများသာမက မော်ဒန်ကဗျာများကိုလည်း ရေးသားလျက် မြန်မာ့ကဗျာရသဂုဏ်ကို ထုတ်ဖော်နိုင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် မြန်မာ့ကျေးလက်ကဗျာကဏ္ဍကို မမေးမှိန်စေလိုသော သူ၏ပြင်းပြသောဆန္ဒကို မြင်တွေ့နိုင်သည် မှာ ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော သူ၏ 'မြနန္ဒာလယ်တောမှာ သာတဲ့လ' ကဗျာစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် သိရှိနိုင်မည် ဖြစ်ပါသည်။

ဆရာကြီးသည် ငယ်ရွယ်နုပျိုသောဘဝကပင်လျှင် ပုသိမ်ကြီးမြို့နယ်၊ ခေမာဘယရွာ ရွာဦးကျောင်းဆရာတော်ဘုရား၏ ဆုံးမသွန်သင်မှုဖြင့် ကြီးပြင်လာသူဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာသာသနာ၏ အရိပ်အောက်ဝယ်မှီခိုရင်း၊ အညာဓလေ့၊ ကျေးလက်ဘဝ၏ရသတို့သည် သူ့ရင်၌ပြည့်ဝနေသည်ဖြစ်၍ အနုသုခုမကဗျာလင်္ကာရသတို့၏ နှီးဆော်မှုကြောင့် မြန်မာကဗျာ၏ အရိပ်အောက်သို့ ရောက်မှန်းမသိရောက်ရှိကာ ခိုဝင်သည်မှန်းမသိ ခိုခင်ခဲ့လေသည်။ ထိုမှစ၍ ယခုအရွယ် ခုနှစ်ဆယ့်ငါးနှစ်ခန့်အရွယ်ထိတိုင် ကဗျာနဒီ၏ သယ်ပိုးခေါင်ငင်ခြင်းကို ကျေနပ်နှစ်သက်စွာ စီးမျောလာခဲ့ရပေသည်။

လူတိုင်းလူတိုင်းပင်လျှင် အရွယ်ကလေးရရှိလာခဲ့သည်နှင့်အမျှ သံသရာအတွက် ကောင်းမှုကုသိုလ်ရတနာထုပ်ကို ထုပ်ပိုးမြှုပ်နှံလိုကြသည်ဖြစ်သည့်အားလျော်စွာ ဆရာကြီးသည် ပြီးခဲ့သော ခုနှစ်နှစ်ခန့်ကပင်လျှင် 'လျှပ်စစ်ခေါင်းတလား'လှူလိုကြောင်း၊ ရွာအဝင်လမ်းကို သူ၏ငွေဖြင့် ကမကထပြုလျက် ခင်းလိုကြောင်း၊ ရွာဦးကျောင်းတွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ လှူလိုကြောင်း၊ လူပျိုကြီးဖြစ်သဖြင့် တူသားနောင်မယ်များကို သာသနာ့အမွေသို့ သွတ်သွင်းခြင်းဖြင့် လှူဖွယ်အမှုပြုလိုကြောင်းတို့ကို တဖွဖွ ကျွန်ုပ်အား ပြောခဲ့ဖူးပါသည်။

ကျွန်ုပ်နှင့်ခင်မင်ခဲ့သော ဆယ်နှစ်ဝန်းကျင်ခန့် ကာလအတွင်းတွင်လည်း မနက်၊ နေ့လယ်၊ ည တစ်ရက်မပြတ် ပဋ္ဌာန်း၊ ပရိတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ် စသည့် မြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်မှုများ ပြုသည်သာမက ညစဉ်အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်လျက်ရှိကြောင်း သိရပါသည်။

ယခုနှစ်များအတွင်းတွင် ဆရာကြီးသည် သူ၏တူသားနောင်မယ်များအားလည်း သာသနာ့အမွေအဖြစ် ရှင်ပြုအလှူတော်ကြီးအားပြုခဲ့ပြီးချေပြီ။ ရွာအဝင်လမ်းအားလည်း ကွန်ကရစ်ခင်းလျက် လှူဒါန်းခဲ့ပြီးချေပြီ။ ခေမာဘယရွာအဝင်တွင် ဆရာကြီး၏ လမ်းအလှူအတွက် ကျောက်စာတိုင်ကို တွေ့မြင်နိုင်ပါသည်။ လျှပ်စစ်ခေါင်းတလားအားလည်း ရွာ၏ သာရေးနာရေးအသင်းတွင် လှူဒါန်းခဲ့ပြီးချေပြီ။ ယခုလက်ရှိအချိန်တွင်ကား ရွာဦးကျောင်းဆရာတော်အား ဦးထိပ်ပန်ဆင်လျက် အမြင့် လေးပေခွဲခန့်ရှိ စကျင်ကျောက်ဖြင့် ထုလုပ်ပူဇော်ထားသော 'ဓမ္မစကြာမုဒြာ'ရုပ်ပွားတော်မြတ်အား ရွာဦးကျောင်းဖြစ်သော ဓမ္မရက္ခိတကျောင်းတော်တွင် ပလ္လင်မြတ်နှင့်အတူ ယခုနှစ်ဖြစ်သော မြန်မာသက္ကရာဇ် ၁၃၈၆ ခု ကဆုန်လပြည့်နေ့တွင် လှူဒါန်းပြီး ဖြစ်ပါသည်။ ထိုကောင်းမှုကုသိုလ်ကိစ္စအဝဝအတွက် ဆရာကြီး၏တူသားနောင်မယ်ဖြစ်သော ကိုဇော်နိုင်ဦးက အစစအရာရာ



ကူညီဆောင်ရွက်ပေးပါသည်။ ထိုအလှူဒါနအား ရေစက်သွန်းချအမျှပေးဝေခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့ကြောင့် ဆရာကြီး မောင်ကာဠု(ပုသိမ်ကြီး)၏ တပည့်တစ်ယောက်အနေဖြင့် ကျွန်ုပ်၏ ရင်ထဲမှ ဖူးပွင့်လာသော ရှစ်ဆယ်ပေါ်တေးထပ်ကဗျာတစ်ပုဒ်ဖြင့် လက်ယှက်ထိပ်တင်၍ ဆရာကြီး၏ 'ဓမ္မ စကြာ မုဒြာ'ရုပ်ပွားတော် ပူဇော်ပွဲကောင်းမှုကုသိုလ်အတွက် ပူဇော်ကန်တော့လိုက်ပါသည်။ ရွာအမည်၊ ကျောင်းအမည်၊ ခုနှစ်သက္ကရာဇ်တို့ တိမ်းစောင်းမှု မရှိစေရန်အတွက် နဘေထပ်ရာတွင် အနည်းငယ် လိုရာသို့ ဆွဲယူလျက် ရေးသားထားသည်ကိုလည်း နားလည်ခွင့်လွှတ်စေလိုပါသည်။

**'ဓမ္မစကြာ မြတ်မုဒြာ'ရုပ်ပွားတော်**
**လှူဒါန်းပူဇော်ပွဲ**

ဗုဒ္ဓံ ဓမ္မံ သံဃံရတနာ့
အမှန်ထာဝရ ဦးထိပ်တည်
အဖန်ဖန်ဂါရဝ အထူးစိတ်ရည်သည်
နိဗ္ဗာန်ရွှေပြည် ရောက်ရစေသား ။
'ရွှေပြည်ဌာန' 'ခေမာဘယ'
'ဓမ္မရက္ခိတ' ရွာကျောင်းတော်ဝယ်
အခါကောင်းမျှော်ကာ လှူဒါန်းပါ၏ဘုရား ။
'ရွှေသက္ကရာဇ်အရောက်' 'အမွေဆက်ခေတ်အလျောက်'
'တစ်ထောင့်သုံးရာရှစ်ဆယ့်ခြောက်' လ,ကဆုန်ဝယ်
အလှစုံကြွယ် လပြည့်အခါတစ်ပါး ။
'ဓမ္မစကြာ မုဒြာမြတ်ဘုရား'
ထုကာဝံ့ကြား ကိုးကွယ်စေရာ ။
'ကဗျာဆရာ မောင်ကာဠု' ရဲ့
အောင်ရာအမှု တောင်းဆုမင်္ဂလာ ။
'နောင်ပြုံးချိုမြ' 'အခေါင်ဘုန်းပိုကဲ'
'မောင်အုန်းချိုလည်း' ဘုရားဒါယကာပါ
သားချစ်ပမာ အတူအမျှ
ကောင်းမွေသုခ ပမာဆောင်ပေ
အတုယူနိုင်စေ ။
'အထူးဂုဏ်ကြွ' 'အမှူးပုံသ'
'ဦးယုန် အဖ' 'ဒေါ်ယုန်'ရယ်လေ
အမိအဘနှစ်ထွေ ချမ်းမြေ့စေရဲ့လေး ။
'အမျှခေါ်အလှူင်ပေး' 'ဘဝပျော်ရွှင်ရေး'
အစ်မဒေါ်တင်အေး'လည်း အမျှဝေပါသည်
ရရပါစေ တောင်းဆုခြွေရဲ့လေး ။
'ဖြူအောင်ကဲမှူး' 'မှုဘောင်ကဲထူး'
တူမောင်ရဲမှူး ဦးမြင့်ဆွေသည်
ထူးတင့်ပါစေ တောင်းဆုခြွေရဲ့လေး ။ ။

(ရှစ်ဆယ်ပေါ်တေးထပ်)

**စောချိုသာ**

## လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ချောင်း ဇွန် ၂၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ ရွာသစ်ရပ်ကွက်၊ ရွာသစ်ရပ်ဓမ္မာရုံတွင် ဇွန် ၂၂ ရက် နံနက် ၉ နာရီ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရေနံချောင်းမြို့နယ်၊ ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ ဦးမြင့်ဆွေက သင်တန်းကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေနံချောင်းမြို့၊ စိန်ရတနာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးတူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ ဦးမြင့်ဆွေ၊ ဦးနောင်နောင်ထွန်း၊ ပခုက္ကူခရိုင် ကြက်ခြေနီတပ်ဖွဲ့မှ ခရိုင်တပ်ဖွဲ့မှူး ဦးကျော်သူရတို့က သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတို့အား ပို့ချသွားမည်ဖြစ်သည်။

(ယာပုံ)



အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ သင်တန်းသို့ ရေနံချောင်းမြို့နယ်၊ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တပ်ဖွဲ့ဝင်များ၊ ရပ်ရွာအခြေပြု ရပ်မိရပ်ဖ၊ ရပ်ရွာလူထုနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၇၂)

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူ



**ကံမ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေး ဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံးရှေ့မြေကွက်လပ်၌ ကျင်းပခဲ့ရာ ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းဌေးက အဖွင့်အမှာစကားပြောကြားပြီးနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ခရီးသွားပြည်သူများကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ ထိုသို့ အသိပညာပေးဆိုင်းဘုတ်စိုက်ထူရာတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နိုင်ရေးအတွက်အကြို လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပိုစတာစိုက်ထူခြင်းဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**အမရပူရ ဇွန် ၂၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများကို မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းဝင်းအတွင်း၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အ.မ.က.ကျောင်း အုပ်ဆရာကြီး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်လှက ကလေးငယ်များ အသိပညာဗဟုသုတရရှိစေရေး၊ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို သိရှိစေရန် ရည်ရွယ်၍ ယခုလိုဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလက္ခဏာများအကြောင်းကို အကျယ်တဝံ့ ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြသထားသော သုတ၊ ရသ၊ စာအုပ်၊ စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

စိုးသီဟ(အမရ)

* - * - * - * - *

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် (၁၁၆)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၂၃**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းစီစဉ်ကျင်းပသော (၁၁၆)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက် တိုင်းရင်းဆေးတက္ကသိုလ်၊ အခန်း ၂၀၂ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

CTME စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ပါမောက္ခမင်းနိုင်၊ ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား-ငြိမ်း)၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့၊ ပါမောက္ခဌေးလွင်၊ ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးမြို့တို့က ဆောင်ရွက်ကြပြီး သဘာပတိ ပါမောက္ခဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးအကြံပေးအဖွဲ့ဝင် ဆရာကြီးဦးမြင့်လွင်က တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်အတွက် ပံ့ပိုးကူညီလှူဒါန်းပေးသော ဦးစည်သူဝင်း၊ ဦးပြည့်စုံအောင် (ဒေါ်ခင်ရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မဟာမြိုင်-၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ဆက်လက်ပြီး ဦးလှမျိုးဝင်း လက်ထောက်ကထိက၊ ဆေးပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ "ဝိဇ္ဇာရေနယနည်းစနစ်ဖြင့် ကျောက်ကြေဆေးစီမံပုံ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်မီမီညို နည်းပြ-ဆေးပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလာ)မှ "နက္ခတ္တနယအမြင်ဖြင့် ဓာတ်စာများ၏အရေးပါပုံကို လေ့လာခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားကာ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းကြပြီး ပဟေဠိဖြေဆိုခြင်းတွင် ဆုရရှိသူများအား ဆရာကြီး ဦးမြင့်လွင်က ဆုများပေးအပ်ချီးမြှင့်သည်။




CTME စာတမ်းဖတ်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)ဦးစီးမှူး ဒေါ်ခင်ဖြူသက်၊ ပါမောက္ခ/ဌာနမှူးများ၊ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်မိုးသီတာဝင်း၊ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)အလုပ်အမှုဆောင် ဦးသင်းနှင့် အသင်းဝင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

# စဉ့်ကူးမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိ

**စဉ့်ကူး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ဇွန် ၂၁ ရက် နံနက် ၅ နာရီခွဲက စတင်ထုတ်ပေးလျက်ရှိသည်။



စဉ့်ကူးမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ယခုလအတွက် ပင်စင်ထုတ်ယူမည့် အငြိမ်းစားဝန်ထမ်း ပင်စင်စားဦးရေ ၁၁၆၃ ဦးရှိရာ E-pension Smart Card ဖြင့် ထုတ်ယူသူ ၁၀၈၆ ဦးနှင့် Manual ဖြင့် ထုတ်ယူသူ ၇၇ ဦးရှိပြီး ထိုသို့ ပင်စင်ထုတ်ပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရန် အုပ်စုများခွဲကာ သတ်မှတ်ရက်များတွင် အလှည့်ကျ ထုတ်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များနှင့်အညီ ထုတ်ယူသူများအား စနစ်တကျ စိတ်အေးချမ်းသာစွာ ထုတ်ယူနိုင်စေရန်နှင့် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့်လည်း မိသားစုဝင်တစ်ဦးမှ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း၊ လစဉ်လတိုင်း ၂၁ ရက်မှ စတင်၍ ရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်သတ်မှတ်ထားသောအချိန်များတွင် နေ့စဉ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(ဝဲပုံ)

ငြိမ်းချမ်းဝင်း(ပြန်/ဆက်)

* - * - * - * - *

* - * - * - * - * - *

## အငှမအကြိမ် မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေး

**မန္တလေး ဇွန် ၂၃**

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငှမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲ ကျင်းပရေး အကြိုညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက ချမ်းမြသာစည် မြို့နယ်ရှိ သူရိန်နန်းကိုယ်ပိုင် အထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးပိုမြင့်(ပါမောက္ခချုပ်-ငြိမ်း)နှင့် မြန်မာစာပါမောက္ခ-ငြိမ်း)ဒေါက်တာမောင်မောင်လေး တို့က မုဒိတာစကားပြောကြားခြင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်က သတ္တမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲ ငွေစာရင်းရှင်းတမ်းကို လည်းကောင်း၊ ဦးအောင်နိုင်ထွန်းက အငှမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် လှူဒါန်းမည့် ပရိယတ္တိသာသနာ့တက္ကသိုလ် သံဃာဦးရေနှင့် မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်း ရဟန်းပညာရှိ သံဃာဦးရေတို့ကို တင်ပြသည်။

ဆက်လက်၍ ဝါဆိုသင်္ကန်း ကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီ ဖြည့်စွက်ဖွဲ့စည်းခြင်း၊ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများအား အစုအဖွဲ့လိုက် တာဝန်ခွဲဝေပေးခြင်း၊ ဆွမ်းနှင့် အကျွေးအမွေးကိစ္စများ ဆွေးနွေးကြခဲ့သည်။ ထို့နောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် အလှူငွေများ ပေးအပ်ရာ ဆရာကြီး ဦးတင်မောင်+ဒေါ်ခင်မြမြ(သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း) မိသားစုက ငွေကျပ် (၁၀)သိန်း၊ ဆရာကြီး ဦးခင်မောင်ညွန့်+ဒေါက်တာမိမိသင်းမိသားစုက အလှူငွေကျပ် တစ်သိန်းတို့ ပေးအပ်ကြရာ ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(ဝင၅)



ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**တာချီလိတ် ဇွန် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခြင်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက နယ်မြေခံတပ်စစ်ရေးပြကွင်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သူရဇော်လွင်စိုးက သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် အချိန်တိုအတွင်း တုံ့ပြန်ကူညီဆောင်ရွက်နိုင်ရန် အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပစ္စည်းများ စုဖွဲ့ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို နယ်မြေခံတပ် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုကူညီရေး ပရဟိတအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဗိုလ်မှူးကြီး သူရဇော်လွင်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် တာဝန်ရှိသူများက အုပ်ချုပ်မှုအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ ယာဉ်ယန္တရားစုဖွဲ့မှုအဖွဲ့၊ ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့တို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှု အခြေအနေအား ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာအဖွဲ့ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ဆိပ်ဖြူ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၂၀ ရက်မှစတင်၍ ဒေသခံတောင်သူများအား မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ပေးခဲ့သည်။

၂၀၂၄ ခုနှစ် မိုးသီးနှံအတွက် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၂၀၀၀ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး မိုးစပါး တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ် တစ်သိန်းခွဲ၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် (၁)သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မိုးသီးနှံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား သတ်မှတ်ရက်များအလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး မိုးစပါးအတွက် လျာထားဧက ၄၀၀၊ အခြားသီးနှံ လျာထားဧက ၁၄၀၀ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူထံမှ သိရသည်။ (အပေါ်ယာပုံ)

မြို့နယ်(ပြန်/ဆက်)



> သန့်ရှင်းသာယာ
> မန္တလာ
> ဝိုင်းဝန်း
> ထိန်းသိမ်းပါ။

## လူတစ်ဦးလျှင် ဆီတစ်ပိဿာနှုန်းဖြင့် စားသုံးဆီဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ရေနံချောင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ဆီလုပ်ငန်းရှင်များအသင်းမှ ရေနံချောင်းမြို့နယ်ရှိ ပြည်သူများအား စားသုံးဆီကို ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရန် နေ့စဉ်နံနက် ၈ နာရီတွင် ရေနံချောင်းမြို့မဈေးအနီးရှိ ဆီဆိုင် ခုနစ်ဆိုင်နှင့် ရေနံချောင်းစက်မှုဇုန်၌ ဆီအရောင်းဆိုင် တစ်ဆိုင်တို့တွင် ရောင်းချပေးလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။



ထိုသို့ ရောင်းချရာတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ပြည်သူများအား မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းမှ ပြည်သူတစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။

စားသုံးဆီကိုရောင်းချရာတွင် ပြည်သူများသည် နေ့စဉ်မြို့မဈေးနှင့် စက်မှုဇုန်ရှိ ဆီဆိုင်အပါအဝင် စုစုပေါင်း ဆီဆိုင်ရှစ်ဆိုင်တို့တွင် လူတစ်ဦးလျှင် ဆီတစ်ပိဿာနှုန်းဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။ (ဝဲပုံ)(၄၇၂)

## သရက်သီး(တန်ဖိုးမြင့်ထုတ်ကုန်)အဆင့်မြင့်သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ သရက်သီး(တန်ဖိုးမြင့်ထုတ်ကုန်) Mango Value Added Product သင်တန်းကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား၊ ရတနာပုံစူပါစင်တာ၊ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း သင်တန်းခန်းမနှင့် ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းတို့တွင် သင်တန်းသား ၃၀ ဦးဖြင့် ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့သည်။



အဆိုပါ သင်တန်းတွင် သရက်သီးခြောက်ပြုလုပ်နည်း၊ သရက်ပြင် ပြုလုပ်နည်း၊ သရက်သီးအနှစ်၊ သရက်သီးဖျော်ရည်၊ သရက်သီးယို၊ သရက်ပျူရီ ပြုလုပ်နည်းများ သင်ကြားပေးခဲ့သည်။ သင်တန်းဆင်းပွဲကို ဇွန် ၂၁ ရက်က ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုရှိ ရိတ်သိမ်းချိန်လွန်နည်းပညာလွန် သင်တန်းကျောင်းတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး သရက်သီး အခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၇)

# မြန်မာပြည်အလယ်ဗဟိုချက် ပြက္ခရွှေတောင်ရှိ အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဥ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းဆောင်ရွက်နေမှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည့်ရှု









**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့ အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာ မြသုခရွာအနီး မြန်မာပြည်အလယ်ဗဟိုချက် ပြက္ခရွှေတောင်ရှိ ပဥ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက သွားရောက်ဖူးမြော်ကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်၊ မင်္ဂလာဇေယျာကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဝိဇလဗုဒ္ဓိ ဆရာတော်အား ဖူးမြော်ပြီး ပဥ္စမစွယ်တော်ရှင် စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ဖူးမြော်ကြည့်ရှုခဲ့သည်။

၎င်းနောက် ဆရာတော်များထံက ဩဝါဒခံယူပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားကို နမောတဿ (၃)ကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ပါဠိတက္ကသိုလ်၊ မင်္ဂလာဇေယျာကျောင်းတိုက်ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဥ္စမစွယ်တော်ရှင်စေတီတော်အား ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများခံယူခဲ့သည်။

ဆက်လက်၍ ဆရာတော်များထံက ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ သာဓုအနုမောဒနာခေါ်ဆိုပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃) ကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဆရာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သက္ကရာဇ် ၃၉၄ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဥ္စမစွယ်တော်ရှင်စေတီတော်တည်ရှိရာ ပြက္ခရွှေတောင်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်တွင် တည်ရှိပြီး စေတီတော်၏ ရင်ပြင်တော် စနေထောင့်တွင် အင်္ဂလိပ်ခေတ်မြေတိုင်းဌာနက မြန်မာပြည်အလယ်ဗဟိုချက်ဟု သတ်မှတ်ထားသည့် ကျောက်ပနက်မှတ်တိုင်ရှိကြောင်း၊ မြန်မာပြည်အလယ်ဗဟိုချက် ကျောက်ပနက်မှတ်တိုင်ပေါ်တွင် မြောက်လတ္တီကျူ ၂၁ ဒီဂရီ ၁၂ ဒသမ ၆၉၅ မိနစ်၊ အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ ၁၄ ဒသမ ၇၅၉ မိနစ် ပင်လယ်ရေမျက်နှာပြင်အထက် ၃၇၃၄ ပေဟု ကမ္ပည်းမှတ်တမ်းရေးထိုးထားသည့် ကြေးပြားကြီးရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ဆွစ်ဇာလန်နှင့် ဂျာမနီတို့ တစ်ဖက်တစ်ဂိုးစီသရေကျ၊ နောက်ဆုံးမိနစ်သွင်းဂိုးဖြင့် စကော့တလန်ကိုအနိုင်ယူခဲ့သည့် ဟန်ဂေရီ



ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့၊ ဖရန့်ဖတ်ဘောလုံးကွင်းတွင် ဆွစ်ဇာလန်အသင်းနှင့် အိမ်ရှင်ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆွစ်ဇာလန်အသင်းအတွက်သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၂၈မိနစ်တွင် အန်ဒိုယီကသွင်းယူပေးခဲ့ပြီး ဂျာမနီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ဒုတိယပိုင်းပွဲစဉ်ပြီးဆုံးခါနီး နာကျင်အချိန်ပို (၉၀+၂)မိနစ်တွင် ဖယ်ခုက သွင်းယူပေးခဲ့သည်။

ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့၊ စတုဂတ်ဘောလုံးကွင်းတွင် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က စကော့တလန်အသင်းနှင့် ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟန်ဂေရီအသင်းက စကော့တလန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟန်ဂေရီအသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲစဉ်ပြီးဆုံးခါနီးအချိန် နာကျင်အချိန်ပို (၉၀+၁၀)မိနစ်တွင် ဆိုဘော့က သွင်းယူပေးခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်အားလုံးကစားအပြီးတွင် ဂျာမနီအသင်းက ရမှတ် ၇မှတ် အုပ်စုပထမဖြင့် ၁၆သင်းအဆင့် တက်ရောက်ခဲ့သလို၊ ဆွစ်ဇာလန်အသင်းက ရမှတ် ၅မှတ်၊ အုပ်စု ဒုတိယဖြင့် ၁၆သင်းအဆင့်တက်ရောက်နိုင်ခဲ့ပြီး၊ ဟန်ဂေရီသည်လည်း ရမှတ် ၃မှတ်ဖြင့် အုပ်စုတတိယနေရာအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်ကာ စကော့တလန်အသင်းမှာမူ အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရပြီဖြစ်သည်။

**နိုင်ကမ္ဘာ**